# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်၊ ၂၀၀၆ ခုနှစ်၊ နိုဝင်ဘာ ၁၂ ရက်၊ တနင်္ဂနွေနေ့၊ အတွဲ (၄၆)၊ အမှတ် (၄၃)

### လက်ခံတွေ့ဆုံ

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာနိုင်ငံ၌ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီ နှင့် အဖွဲ့အား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံစဉ်။ (အောက်ပုံ) (သတင်းစဉ်)

### ရင်းရင်းနှီးနှီး နှုတ်ဆက်

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီအား နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)



# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မြန်မာနိုင်ငံ၌ ရောက်ရှိနေသော ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့ လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် အလုပ်သမားဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းတို့ တက်ရောက်ကြပြီး ကုလသမဂ္ဂ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် (နိုင်ငံရေးရာ) မစ္စတာ အီဘရာဟင်၊ အေ၊ ဂမ်ဘာရီနှင့် အဖွဲ့နှင့်အတူ ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းရေးမှူး Mr. Charles James Petrie လည်း တက်ရောက်သည်။ **(သတင်းစဉ်)**



**နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၀၆ ခုနှစ်၊ နိုဝင်ဘာလ ၁၂ ရက်)

# အမျိုးသားအကျိုးစီးပွား ထိပါးလာသည့်လုပ်ရပ်မှန်သမျှ ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်

ပြည်သူများ လိုလားတောင့်တနေကြသည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် ပြည်သူများနှင့်အတူ ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်စေရန် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ရှိပြီး ယုံကြည်ချက်၊ ခံယူချက် မှန်ကန်ခိုင်မာသည့် လူငယ်လူရွယ်များဖြင့် ဖွဲ့စည်းခဲ့သည်။

အသင်းဝင်များသည် နိုင်ငံတော်သစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များတွင် လက်တွေ့ပါဝင်ဆောင်ရွက်ရင်း အမျိုးသားရေးအင်အားစုကြီးတစ်ရပ်အဖြစ် ရပ်တည်နေပြီဖြစ်သည်။ အသင်းကြီး၏ ဦးဆောင်မှုဖြင့် တိုင်းကျိုးပြည်ပြုလုပ်ငန်းများတွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ရုံသာမက လူထုတစ်ရပ်လုံး ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးရေးစွမ်းအားဖြင့် အထောက်အကူပြုလျက် ရှိသည်။

အမျိုးသားရေးတာဝန်ကို ဆောင်ရွက်နေကြသည့် အသင်းဝင်များ၏ ခိုင်မာသည့် ယုံကြည်ချက်၊ စွဲမြဲသည့် ခံယူချက်များဖြင့် မိမိတို့၏ နယ်မြေများတွင် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပါဝင်ဆောင်ရွက်နေမှုများမှာ ဂုဏ်ယူဖွယ်ရာပင် ဖြစ်သည်။

ပြည်တွင်း ပြည်ပအဖွဲ့အစည်းအချို့၏ ပကတိအခြေအနေမှန်ကို မျက်ကွယ်ပြုပြီး ပြောဆို လုပ်ဆောင်မှုများ၊ အာဃာတစိတ်၊ အတ္တစိတ်ဖြင့် ပြောဆိုလုပ်ဆောင်နေမှုများ၊ အများသူငါ လုပ်ဆောင်လေ့ ရှိမှုများအပေါ် လိုရာဆွဲပြီး ပြောဆိုမှုများသည် အမျိုးသားအကျိုးစီးပွားကို ဆန့်ကျင်နေသော အကျိုးမဲ့သည့် အဖျက်လုပ်ရပ်များသာ ဖြစ်သည်။

မှန်မြတ်မှန်ကန်သည့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ ပိုမို တိုးတက်မြင့်မားစေရန် ဆောင်ရွက်နေမှုများအပေါ် ထိခိုက်နိုင်စွမ်းမရှိကြောင်း ပြည်သူအများက အမှန်အတိုင်း သိရှိနေကြပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် တိုင်းရင်းသားပြည်သူတို့နှင့် ပူးပေါင်းလက်တွဲ၍ အမျိုးသားအကျိုးစီးပွားကို ထိပါးလာသည့် လုပ်ရပ်မှန်သမျှကို ပြည်သူ့စွမ်းအား၊ စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်သွားမည်ဟု ယုံကြည်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ပင်လယ်နက်၏ အကြီးဆုံး သင်္ဘောကျင်း တူရကီနိုင်ငံတွင် တည်ဆောက်မည်

အင်ကာရာ နိုဝင်ဘာ ၁၁

**ပင်လယ်နက်ဒေသ၏ အကြီးဆုံးသင်္ဘောကျင်းကြီးကို တူရကီနိုင်ငံအရှေ့မြောက်ပိုင်း ထရက်ဇွန်ပြည်နယ် ဆာမီနီမြို့၌ တည်ဆောက်သွားမည်ဖြစ်ကြောင်း အနာတိုလီယာ သတင်းစာက နိုဝင်ဘာ ၉ ရက်တွင် ရေးသားဖော်ပြသည်။**

အဆိုပါသင်္ဘောကျင်းကို ရီနီကမ်သင်္ဘောကျင်းဟုအမည်ပေးထားပြီး အမေရိကန်ဒေါ်လာ ၂၈ဒသမ ၅၅သန်း ရင်းနှီးမြှုပ်နှံလျက် တည်ဆောက်သွားမည်ဖြစ်ကြောင်း ၎င်းသတင်းစာက ဖော်ပြသည်။

ယင်းသင်္ဘောကျင်းကို အလုပ်သမား ၅၀၀၀ဖြင့် ရက်ပေါင်း ၁၀၀၀ အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း၊ သင်္ဘောကျင်းတည်ဆောက်ပြီးစီးပါကတစ်နှစ်လျှင် သင်္ဘောစင်းရေ ၉၀ တည်ဆောက်နိုင်မည်ဖြစ်ပြီး စင်းရေ ၂၀၀ ပြုပြင်ပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**




## ဗီယက်နမ်၏ရော်ဘာတင်ပို့မှု မြင့်တက် ၁၀လအတွင်း တန်ချိန် ငါးသိန်းကျော်တင်ပို့

ဟနွိုင်း နိုဝင်ဘာ ၁၁

**ကမ္ဘာ့စတုတ္ထရော်ဘာအများဆုံးတင်ပို့သည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၁၀ လတွင် ရော်ဘာတန်ချိန် ၅၈၂၀၀၀ တင်ပို့ခဲ့ရာ အမေရိကန်ဒေါ်လာ ၁ဒသမ ၁ ဘီလီယံ တန်ဖိုးရှိကြောင်း၊ ယင်းမှာ နှစ်စဉ်တိုးတက်မှု၏ ၃၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် ၈၆ ဒသမ ၃ ရာခိုင်နှုန်းအသီးသီးရှိကြောင်း ဒေသကုန်သွယ်ရေး အေဂျင်စီက နိုဝင်ဘာ ၇ ရက်တွင် ပြောကြားသည်။**

တရုတ်နိုင်ငံသည် ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံး ရော်ဘာဈေးကွက်ဖြစ်ပြီး ၁၀လတာ ကာလအတွင်း တန်ချိန်၁၆၀၀ တင်ပို့ခဲ့ကြောင်း ဗီယက်နမ် ကုန်သွယ်ရေး ဝန်ကြီးဌာနအောက်ရှိ သတင်းထုတ်ပြန်ရေးဌာနက ပြောကြားသည်။

**မြင့်တက်**

ပြီးခဲ့သည့်နှစ်က ဗီယက်နမ်နိုင်ငံသည် ရော်ဘာတန်ချိန် ၅၇၄၀၀၀ တင်ပို့ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၇၈၇ သန်းဖိုးရှိခဲ့ကြောင်း၊ အများဆုံးတင်ပို့သည့်နိုင်ငံများမှာ တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ ဂျာမနီနှင့် အမေရိကန်တို့ဖြစ်ရာ ယခင် နှစ်ကထက် ၁၁ ဒသမ ၉ ရာခိုင်နှုန်းနှင့် ၃၁ ဒသမ ၉ ရာခိုင်နှုန်း အသီးသီးမြင့်တက်ခဲ့ကြောင်း ၎င်းသတင်းပြန်ကြားချက်အရ သိရသည်။

**စီစဉ်**

ဗီယက်နမ်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ရော်ဘာစိုက်ဟက်တာ ငါးသိန်းရှိရာမှ ၂၀၁၀ပြည့်နှစ်တွင်ဟက်တာခုနစ်သိန်းအထိ တိုးချဲ့စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်းသိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## ပါကစ္စတန်တစ်ဝန်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွား သေဆုံးသူ ၃၅ဦးရှိပြီး အများအပြားရောဂါခံစားရ

**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၁**

ပါကစ္စတန်နိုင်ငံတစ်ဝန်း အောက်တိုဘာလဆန်းပိုင်းမှစ၍ ခြင်ကြောင့်ဖြစ်သော သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားခဲ့ရာ သေဆုံးသူပေါင်း ၃၅ ဦးရှိသွားပြီဖြစ်ကြောင်း၊ သွေးလွန်တုပ်ကွေး ရောဂါဖြစ်ပွားသူ ၁၃၀၀ရှိကြောင်း ဒေသဆိုင်ရာ မီဒီယာက နိုဝင်ဘာ ၉ ရက်တွင် သတင်းဖော်ပြသည်။

**သေဆုံး**

သေဆုံးသူ ၃၅ ဦးတွင် ၃၃ ဦးမှာ ဆင်းပြည်နယ်တောင်ပိုင်းမှ ဖြစ်ပြီး ကျန်နှစ်ဦးမှာ အနောက်မြောက်ပိုင်း နယ်စပ်မြို့ ပီရှာဝါမှဖြစ်ကြောင်း အဆိုပါ မီဒီယာက ဖော်ပြသည်။

**သတင်းထုတ်ပြန်**

နိုဝင်ဘာ၈ ရက်အထိ လူနာ ၃၅၃၀ မှာ သွေးလွန်တုပ်ကွေးရောဂါ လက္ခဏာ သံသယ ဖြစ်နေကြသူများကြောင်း၊ ရောဂါပိုးရှိသူအရေအတွက်မှာလည်း ၁၈၈ ဦးအထိရှိလာကြောင်း ပါကစ္စတန်နိုင်ငံပိုင် သတင်းဌာနက သတင်းထုတ်ပြန်သည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ရှိသော ခြင်ကိုက်ခံရမှုကြောင့် အဆစ်အမြစ်များ နာကျင်ကိုက်ခဲပြီး အပြင်းဖျားနာသည့် ရောဂါဖြစ်သည်။

ယင်းကိုထိန်းချုပ်နိုင်ရန်အတွက် ပါကစ္စတန်နိုင်ငံ၌ ခြင်ဆေးများ ဖျန်းပက်ခြင်း၊ ပြည်သူများအား ခြင်ကိုက်မခံရရေးအတွက် လှုံ့ဆော်မှုများ ပြုလုပ်လျက်ရှိသည်။ **အမ်အင်အေ၊ဆင်ဟွာ**

## စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းကိစ္စ စုံစမ်းစစ်ဆေးမည်

**ဝါဆော နိုဝင်ဘာ ၁၁**

ပိုလန်နိုင်ငံမှ အမေရိကန်စီအိုင်အေ လျှို့ဝှက်အကျဉ်းစခန်းများ ကိစ္စ သုံးရက်ကြာ စုံစမ်းစစ်ဆေးမှုစတင်ရန် ဥရောပကောင်စီမှ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့ ဝါဆောမြို့တော်သို့ နိုဝင်ဘာ ၇ ရက်က ရောက်ရှိလာခဲ့ကြောင်း ပိုလန်သတင်းဌာနက ကြေညာသည်။

ထိုခရီးစဉ်အတွင်း စုံစမ်းစစ်ဆေးရေးကိုယ်စားလှယ်အဖွဲ့သည် သက်ဆိုင်ရာ ပိုလန်နိုင်ငံသားအချို့ကို စုံစမ်းစစ်ဆေးမေးမြန်းမည်ဟု မျှော်လင့်ရသည်။ ပိုလန်နိုင်ငံသားများကို ကော်မတီက ဆင့်ခေါ်နိုင်ခွင့်မရှိပေ။

**အမ်အင်အေ၊ဆင်ဟွာ**

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

**၁၂-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

| | |
|---|---|
| ၇:၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇:၀၅ | မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင် |
| ၇:၂၅ | တေးဂီတအစီအစဉ် |
| ၇:၃၀ | Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈:၂၅ | တေးဂီတအစီအစဉ် |
| ၈:၃၀ | အလှမှာအယဉ်ဆင့် အမြင်ဆန်းသည့်အထည် |
| ၈:၅၀ | နိုင်ငံတကာအနုပညာရေးရာ |
| ၉:၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉:၂၅ | တေးဂီတအစီအစဉ် |
| ၉:၃၀ | Language Lab (ရန်ကင်းပညာရေးကောလိပ် လေ့ကျင့်ရေးအလယ်တန်းကျောင်း) |
| ၁၀:၀၀ | တေးဂီတအစီအစဉ် |
| ၁၀:၀၅ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၀:၁၀ | Music Gallery |
| ၁၀:၄၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀:၄၅ | တေးဂီတအစီအစဉ် |
| ၁၀:၅၀ | ရှေးမှုမပျက်ထိန်းသိမ်းဖို့ရာ မြန်မာ့ရွှေချည်ထိုးပညာ |
| ၁၁:၀၀ | တေးဂီတအစီအစဉ် |
| ၁၁:၀၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁:၁၅ | ကလေးတို့အတွက် လက်ဆောင် (ကင်မရာနှင့် ငှက်ရုပ်ခေါက်နည်း) |
| ၁၁:၃၅ | တေးဂီတအစီအစဉ် |
| ၁၁:၄၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁:၄၅ | ဖန်ချက်စက်ရုံ (သန်လျင်) |
| ၁၂:၀၀ | MRTV-4 အပိတ် Logo |

**အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။**

### English Premier League ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇:၀၀ | ပွဲကြိုသုံးသပ်ချက်(၁) | 5-Sports |
| ၇:၃၀ | ပွဲကြိုသုံးသပ်ချက်(၂) | 5-Sports(Live) |
| ၇:၅၅ | Reading- Tottenham | 5-Sports(Live) |
| ၁၀:၂၅ | Arsenal-Liverpool | 5-Sports(Live) |

### Series-A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂:၀၀ | Parma-Inter Milan | 5-Sports(Live) |

### FA Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၈:၃၀ | Weymouth-Bury | 5-Series (Live) |

## မြဝတီရုပ်မြင်သံကြား

**၁၂-၁၁-၂၀၀၆ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇:၀၀ | ၁။ | မြဝတီအဖွင့် |
| ၇:၀၅ | ၂။ | အဖွင့်သီချင်း |
| ၇:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၇:၁၅ | ၄။ | မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း |
| ၇:၂၅ | ၅။ | မြန်မာသံစဉ်ချိုနှားဝင် |
| ၇:၃၅ | ၆။ | မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ် |
| ၇:၄၀ | ၇။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၇:၅၀ | ၈။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၈:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈:၁၀ | ၁၀။ | ဆရာတော် ဦးဃောသိတ တရားတော် **"အတိတ်ကံအစွမ်းကြောင့် ပစ္စုပ္ပန်တွင် ဖြစ်ပေါ်လာပုံ"** |

**နေ့လယ်ပိုင်း**

| | | |
|---|---|---|
| ၁၂:၀၀ | ၁။ | မြဝတီအဖွင့် |
| ၁၂:၀၅ | ၂။ | အဖွင့်သီချင်း |
| ၁၂:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၁၂:၂၀ | ၄။ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂:၃၀ | ၅။ | မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **"အဖြူရောင်သီချင်းသည်"** |
| ၁၃:၅၀ | ၆။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |

**ညပိုင်း**

| | | |
|---|---|---|
| ၄:၀၀ | ၁။ | မြဝတီအဖွင့် |
| ၄:၀၅ | ၂။ | အဖွင့်သီချင်း |
| ၄:၁၀ | ၃။ | မျိုးချစ်တပ်မတော် |
| ၄:၂၀ | ၄။ | လက်စွမ်းပြဟန်ဂီတသံ |
| ၄:၃၀ | ၅။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၄:၄၀ | ၆။ | ချိုမြလက်သံငြိမ့်ညောင်းဟန် |
| ၄:၅၀ | ၇။ | သာယာသီကြွေး ခေတ်ဆန်းတေး |
| ၅:၀၀ | ၈။ | အမေးကမ္ဘာတွေးစရာ |
| ၆:၀၀ | ၉။ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆:၁၀ | ၁၀။ | နိုင်ငံတကာသတင်း |
| ၆:၂၀ | ၁၁။ | မိုးလေဝသသတင်း |
| ၆:၂၅ | ၁၂။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| ၆:၃၀ | ၁၃။ | လျှပ်တစ်ပြက် |
| ၆:၄၅ | ၁၄။ | အံ့သြဖွယ်ရာဆပ်ကပ်ပညာ |
| ၇:၀၀ | ၁၅။ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မေတ္တာသည်သာ"** (အပိုင်း-၇၃) |
| ၈:၀၀ | ၁၆။ | မြဝတီရုပ်မြင်သံကြားသတင်း |
| | ၁၇။ | ဖွံ့ဖြိုးသာယာပြည်မြန်မာ |
| | ၁၈။ | ပဟေဠိနန်းတော် |
| | ၁၉။ | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| | ၂၀။ | English Premier League ဘောလုံးပွဲ Arsenal Vs Liverpool |

# ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ်

# သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက်ငွေလှူဒါန်း ပညာရည်ချွန်ဆုနှင့် ဂျာနယ်၊မဂ္ဂဇင်းများမှအဖွဲ့ဝင်သစ်အဆိုပြုလွှာပေးအပ်ပွဲ ပြန်ကြားရေးဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်လက်ခံ

ရန်ကုန် နိုဝင်ဘာ ၁၁

**မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ကကြီးမှူးကျင်းပသည့် ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီး စာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ၊ ပညာရည်ချွန်ဆု ချီးမြှင့်ပွဲနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ အဖွဲ့ဝင်သစ် အဆိုပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံရှိ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်၍ အလှူငွေများကို လက်ခံသည်။**

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ အလှူရှင်များ၊ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများနှင့် ဗဟိုအမှုဆောင်ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းတိုက်များမှ စာတည်းမှူးချုပ်များနှင့် အဖွဲ့ဝင်များ၊ ပညာရည်ချွန်ဆုရ ကျောင်းသားကျောင်းသူများ၊ ဧည့်သည်များ တက်ရောက်ကြသည်။

**နှုတ်ခွန်းဆက်**

အခမ်းအနားတွင် ရှေးဦးစွာ ၁၃၆၈ ခုနှစ် စာဆိုတော်နေ့အထိမ်းအမှတ် သက်ကြီးစာပေ ပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေပေးအပ်ပွဲ၌ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင် (ကိုဆောင်း)က နှုတ်ခွန်းဆက်စကားပြောကြားပြီး နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ် ၁၁၁၀၀၀၀၊ ပြန်ကြားရေးဝန်ကြီးဌာနက ငွေကျပ် ၁၀၀၀၀၀၊ ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် မိသားစုက ငွေကျပ် ၅၀၀၀၀၊ ပုံနှိပ်သူများက ငွေကျပ် ၅၂၀၀၀၀၀၊ ထုတ်ဝေသူများက ငွေကျပ် ၂၅၀၀၀၀၀၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ်က ငွေကျပ် ၃၀၀၀၀၀၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ငွေကျပ် ၁၀၀၀၀၀၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးက ငွေကျပ် ၁၀၀၀၀၀၊ ဒေါက်တာ ဒေါ်ခင်ခင်ရီ (ရှိုင်းဟုတ်ကုမ္ပဏီ)ကငွေကျပ်၅၅၅၀၀၀၊ ဦးကျော်ညွန့်ရည်–ဒေါ်ဝါဝါကျော်တို့က ငွေကျပ် ၅၀၀၀၀၀၊ ဦးမောင်မောင်အေး(မောင်ဟေမာ)အလင်္ကာဝတ်ရည်က ငွေကျပ်၃၀၀၀၀၀၊ ဒေါက်တာ တင်ထွန်းဦး–ဒေါက်တာ ခင်မိုးမိုးက ငွေကျပ်၂၀၀၀၀၀၊ ဒေါက်တာ ရီရီလှ (ယုဝတီခင်ဦး)က ငွေကျပ် ၂၀၀၀၀၀၊ ဗိုလ်မှူးကြီးအောင်ငြိမ်း (ငြိမ်း)–ဒေါ်စန်းစန်းလွင် မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ နိုင်ငံ့ဂုဏ်ရည် မဂ္ဂဇင်းအယ်ဒီတာချုပ် ဒုတိယဗိုလ်မှူးကြီးအုန်းမောင်(ငြိမ်း) (မြင်းမူ–မောင်နိုင်မိုး)–ဒေါ်ခင်အေးမူက ငွေကျပ် ၁၀၀၀၀၀၊လက္ခဏာဆရာကြီး ဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် ၁၀၀၀၀၀၊ တိုင်းရင်းဆေးသမားတော်ကြီး ဦးကျော်စိန်–ဒေါ်နန်းခမ်းဇာ (ဖြူစင်မေတ္တာဆေးတိုက်)က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ခင်သိန်း(ကန်တော့ခံ စာပေပညာရှင်)က ငွေကျပ် ၁၀၀၀၀၀၊ ဗိုလ်မှူးသက်ထွန်း–ဒေါ်သီသီနွယ်က ငွေကျပ် ၁၀၀၀၀၀၊ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ မျိုးသန္တာထွန်းက ငွေကျပ် ၁၀၀၀၀၀၊ လျှပ်တစ်ပြက် ဂျာနယ်က ငွေကျပ် ၁၀၀၀၀၀၊ မြန်မာ နယူးဝိခ်ျဂျာနယ်က ငွေကျပ် ၁၀၀၀၀၀၊ ဒေါ်ထားရီ(စတိုး)မိသားစုက ငွေကျပ် ၁၀၀၀၀၀၊ စာရေးဆရာကြီး ဦးချစ်နိုင်(ချစ်နိုင်–စိတ်ပညာ) မိသားစုက ငွေကျပ် ၅၀၀၀၀၊ ဦးကောင်းထိုက် (နိုင်စာပေ)က ငွေကျပ် ၅၀၀၀၀၊



ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဂုဏ်ထူးရှင်ကျောင်းသားတစ်ဦးအား ဂုဏ်ပြုတံဆိပ်နှင့်ဆုငွေ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

တင့်ဆွေ ပုံနှိပ်တိုက်က ငွေကျပ် ၅၀၀၀၀၊ ကန္တာရဝတီဂျာနယ်က ငွေကျပ် ၅၀၀၀၀၊ ဦးကြည်အောင် (အင်္ဂပူ)– ဒေါ်စန်းမြအေး မိသားစုက ငွေကျပ် ၃၀၀၀၀၊ စာရေးဆရာ မြတ်ဝေတိုးက ငွေကျပ် ၂၀၀၀၀၊ နီနီ(မြန်မာစာ)က ငွေကျပ် ၁၅၀၀၀၊ ဦးသန်းဝင်း(မင်းယဉ်စု)က ငွေကျပ် ၁၀၀၀၀၊ စာရေးဆရာ မောင်ကောင်းဆင့်မိုးက ငွေကျပ် ၁၀၀၀၀၊ ဦးအေးချို (မဟာဝိဇ္ဇာ)က ငွေကျပ် ၁၀၀၀၀၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးမြင့်တင်(မှတ်ကျောက်)က ငွေကျပ် ၁၀၀၀၀၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ်၁၀၀၀၀၊ စမ်းချောင်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ယုဝတီ ရွှေဝါစိန်က ငွေကျပ် ၁၀၀၀၀၊ ကြည့်မြင်တိုင်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ မင်္ဂလာတောင်ညွန့် မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၁၀၀၀၀၊ ဦးရဲလွင်(သင့်ဘဝဦးရဲလွင်)က ငွေကျပ် ၁၀၀၀၀၊ ဒေါ်ခင်စန်းနွယ်(သမိုင်း)က ငွေကျပ်၁၀၀၀၀၊ ဗိုလ်ရဲကျော်သူဝင်းအား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီးဝင်းမောင်(ငြိမ်း)– ဒေါ်ခင်ဆွေတင့်တို့က ငွေကျပ် ၁၀၀၀၀၊ ကိုမိုးကျော်သူက ငွေကျပ် ၅၀၀၀၊ ဦးကျော်စိုး (မောင်ကျေးဇူး)က ငွေကျပ် ၅၀၀၀၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့က ငွေကျပ် ၃၀၀၀၊ ဖြူစင်မေတ္တာ ဆေးတိုက်က ငွေကျပ် တစ်သိန်းကျော်တန်ဖိုးရှိ တိုင်းရင်းဆေးဝါးများ၊ လာဘ်မိုးဆွေ စာပေက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ လစဉ်ထုတ်မဂ္ဂဇင်းများ၊ အောင်မြေပညာပေးမဂ္ဂဇင်းတာဝန်ခံအယ်ဒီတာ ဆရာဦးစံတင်အောင်(ရွှေဘို)က ငွေကျပ် တစ်သိန်းရှစ်သောင်းတန်ဖိုးရှိ သုတစာအုပ် ၁၁၁ အုပ်နှင့် ၂၀၀၇ ခုနှစ် ပြက္ခဒိန် ၁၁၁ စောင်၊ မြန်မာနိုင်ငံ ဝေဒသုတေသနအသင်းက ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ၂၀၀၇ ခုနှစ် ပြက္ခဒိန်များ၊ မဟော်သဓာ တိုင်းရင်းဆေးတိုက် (တောင်ငူမြို့)က ငွေကျပ် တစ်သိန်းကျော်တန်ဖိုးရှိ တိုင်းရင်းဆေးများ၊ ခိုင်သဇင်လက်ဖက်ခြောက် ကုမ္ပဏီက ငွေကျပ်တစ်သိန်းတန်ဖိုးရှိ လက်ဖက်ခြောက်ထုပ်များ၊ မြန်မာနိုင်ငံ နက္ခတ်ပညာရှင်အဖွဲ့က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ ပြက္ခဒိန်များနှင့် ဂျပန်နားသန့်ဆေးတိုက်က ငွေကျပ် တစ်သိန်းတန်ဖိုးရှိ နားသန့်ဆေးများကိုပေးအပ်လှူဒါန်းကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်တာဝန်ရှိသူများက လက်ခံကြပြီး ဂုဏ်ပြုလွှာများ ပြန်လည်ပေးအပ်ကြ၍ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ(၁) ဦးတင်ခ (တက္ကသိုလ်တင်ခ)က ကျေးဇူးတင်စကား ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပညာရည်ချွန်ဆုချီးမြှင့်ပွဲနှင့် အဖွဲ့ဝင်သစ် အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အတွင်းရေးမှူး ဒေါက်တာတင်ထွန်းဦး (ဒေါက်တာတင်ထွန်းဦး)က အခမ်းအနား ကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

**ကျေးဇူးတင်စကား**

ဆက်လက်၍ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးဘုန်းဝေ (ဒါရိုက်တာဘုန်းဝေ)၏သား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝေဘုန်းဦး၊ အဖွဲ့ဝင် ဦးဝင်းလှိုင်(မောင်ရတနာ)၏သား ငါးဘာသာဂုဏ်ထူးရှင် မောင်ကောင်းဆင့်မိုး၊ အဖွဲ့ဝင် ဦးကျော်ငွေ (ငွေရီဆန်း–ရေစကြို)၏သား ငါးဘာသာဂုဏ်ထူးရှင် မောင်ပြည့်ဝငွေ၊ အဖွဲ့ဝင် ဦးမာန်ပိုင်း(ဆလိုင်း–မာန်ပိုင်း)၏သား လေးဘာသာဂုဏ်ထူးရှင် မောင်ဆလိုင်းရှိုင်းထက်၊ အဖွဲ့ဝင် ဦးအောင်ကျော်ထူး (အောင်ပန်း ချောင်းသား)၏သမီး လေးဘာသာဂုဏ်ထူးရှင် မမာမာမင်းနှင့် အဖွဲ့ဝင် ဦးလှထွန်း (သူရိန်ထွန်း–ဥပဒေ)၏သား လေးဘာသာဂုဏ်ထူးရှင် မောင်မင်းဟံသာထွန်းတို့အား မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့က ချီးမြှင့်သည့် တစ်ဘာသာလျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် ဂုဏ်ပြု တံဆိပ်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက လည်းကောင်း၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်အေး (မောင်ဟေမာ)က ဂုဏ်ထူးရှင်ခြောက်ဦးတို့အား တစ်ဦးလျှင် ငွေကျပ် တစ်သိန်းစီ၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါက်တာသာထွန်းဦး (ဒေါက်တာသာထွန်းဦး)က ငွေကျပ် သုံးသောင်းစီ၊ ဗဟိုအမှုဆောင် ကော်မတီဝင် ဦးခင်မောင်သန်း (ဇန်ဇန်)က ငွေကျပ် နှစ်သောင်းစီ၊ တွဲဖက်အတွင်းရေးမှူး(၂) ဦးကိုကို (ကိုကို–စက်မှုတက္ကသိုလ်)က ကျပ်တစ်သောင်းတန် မြန်မာ/အင်္ဂလိပ် အဘိဓာန် တစ်အုပ်စီ၊ ဂုဏ်ထူးရှင်ခြောက်ဦးတို့အနက် မြန်မာစာဂုဏ်ထူးရရှိသူနှစ်ဦးတို့အား ဗဟိုအမှုဆောင်ကော်မတီဝင် ဒေါ်ခင်သန်းဝင်း (ကြူကြူသင်း) နှင့် တွဲဖက်အတွင်းရေးမှူး(၃) ဦးစိုးရှိန်(မောင်စိုးထိုက်–သုံးဆယ်)တို့က ငွေကျပ် လေးသောင်း၊ ဗဟိုအမှုဆောင်ကော်မတီဝင် ဦးမောင်မောင်မြင့်အေး (မောင်မောင်မြင့်အေး)က တစ်ဦးလျှင် ငွေကျပ် တစ်သောင်းစီတို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ထူးရှင်များ ကိုယ်စား ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဝေဘုန်းဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

**ပေးအပ်**

ယင်းနောက် ဂျာနယ်၊မဂ္ဂဇင်းများမှ အဖွဲ့ဝင်သစ် အဆိုပြုလွှာ ၁၃၁ စောင်ကို ဂျာနယ်၊ မဂ္ဂဇင်းတိုက်များ၏ ကိုယ်စား တာဝန်ရှိသူများက ပေးအပ်ကြရာ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်း အဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က လက်ခံပြီး နိဂုံးချုပ် အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**



**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် အလှူငွေများကို မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (သတင်းစဉ်)

## မာန်အောင်မြို့နယ်အသင်း( ရန်ကုန် ) အဆောက်အအုံအတွက် ငွေလှူဒါန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

မာန်အောင်မြို့နယ်အသင်း(ရန်ကုန်) အဆောက်အအုံရန်ပုံငွေအတွက် အလှူငွေပေးအပ်ပွဲကို နိုဝင်ဘာ ၁ ရက်ကကျင်းပရာ ဦးသာဇံဝေ–ဇနီး ဒေါ်ဒေါင်းမြစိန်၊ အမှတ်(၂၁) မဥ္ဇူလမ်းသွယ်(၂) ပါရမီရိပ်သာ ရန်ကင်းမြို့နယ် ရန်ကုန်မြို့မှ အလှူငွေကျပ် ၆၀၀၀၀၀ကို ဥက္ကဋ္ဌ ဗိုလ်မှူးအောင်စိန်(ငြိမ်း)၊ ဒုတိယဥက္ကဋ္ဌ ဦးထွေးဖြူနှင့် အတွင်းရေးမှူး ဦးအုန်းမြင့်တို့ထံ ပေးအပ်လှူဒါန်းသည်။ **(အောက်ပုံ)**

အသင်း၏ အဆောက်အအုံ ရန်ပုံငွေအတွက် ပါဝင်လှူဒါန်းလိုသူများသည် ဗိုလ်မှူးအောင်စိန်(ငြိမ်း)၊ ဖုန်း–၅၀၁၀၂၆နှင့် အတွင်းရေးမှူး ဦးအုန်းမြင့် ဖုန်း–၅၆၁၇၈၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က–ပ)**



## ထေရဝါဒ ဒဿန သမ္ပဒါ အထူးတရားပွဲ

**ရန်ကုန် နိုဝင်ဘာ ၁၁**

ဓမ္မစေတီအရှင်ကောသလ္လ(သာသနတက္ကသီလ မဟာဓမ္မာစရိယ) M.A Buddhism အရှင်သူမြတ်သည် ရန်ကင်းမြို့နယ် အမှတ် (၃)ရပ်ကွက် (၁၂လုံးတန်း) ရန်ရှင်းလမ်း သဒ္ဓမ္မဘာဝိတ ဓမ္မာရုံကြီးတွင် နိုဝင်ဘာ ၁၂ရက်(တနင်္ဂနွေနေ့)မှ ၁၄ရက် (အင်္ဂါနေ့)အထိ သုံးညတိုင်တိုင် ညစဉ် ၇နာရီတိတိတွင် နိဗ္ဗာန်အလှူ ပေးလှူမည် ဖြစ်ပါသဖြင့် အလှူခံကြွရောက်ကြရန် ဖိတ်ကြားနိုးဆော်ထားကြောင်း သိရသည်။ **(က–ပ)**

## တိုက်ကြီးမြို့ အိုင်ကလောင်ကျွန်း ကန်ကလေးခေမာသီဝံကျောင်းဘုံကထိန်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန် မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အိုင်ကလောင်ကျွန်း ကန်ကလေး(က)ကျေးရွာအုပ်စု ကန်ကလေးရွာ ခေမာသီဝံကျောင်း ဆရာတော် ဦးအာစာရအမှူးပြုသော သံဃာတော်များနှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား ကထိန်လျာသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို နိုဝင်ဘာ ၃ရက်က အဆိုပါ ကျောင်းတိုက်၌ကျင်းပသည်။

**ရေစက်သွန်းချအမျှဝေ**

အခမ်းအနားတွင် ရွာသာလယ်ပေါ်ကျောင်းဆရာတော် ဦးဝိဇယထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး မတည်အလှူရှင်များဖြစ်ကြသော ကထိန်ဒါယကာ ဦးသန်းဝင်း(မင်းယဉ်စု)၊ ကထိန်ဒါယိကာမ ဒေါ်ပြုံးရီ မိသားစုနှင့် ရွာသူရွာသားများက နေ့ဆွမ်းဆက်ကပ်ကာ ကထိန်လျာသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော်က ကထိန်အနုမောဒနာတရားနှင့် ရေစက်ချတရားချီးမြှင့်တော်မူပြီး အလှူရှင်များက လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

● ကျောဖုံးမှ

## သဘာပတိ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၁) စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ နီးနှောဖလှယ်ပွဲကို နံနက်၈နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ဘာသာဗေဒ (Language Lab) အဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက ဆောင်ရွက်၍ သဘာပတိ အဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးသိန်းအောင်၊ ဦးခင်မောင်မြင့်နှင့် သူရဦးအောင်ကိုတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် မန္တလေးတိုင်း မဟာအောင်မြေမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကေခိုင်စိုးနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဇင်မာလင်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၈၀ တို့ တက်ရောက်ကြသည့်အတွက် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နီးနှောဖလှယ်ပွဲ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးသောင်းက အမှာစကား ပြောကြားသည်။

### အစုအဖွဲ့အမှတ်(၁)

ယင်းနောက် အစုအဖွဲ့အမှတ်(၁)၏ **“စည်းရုံးရေးနှင့်စီမံရေးရာကဏ္ဍ”** နှင့် စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက ဝိုင်းဝန်း နီးနှောဖလှယ်ကြပြီး “စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ” တွေ့ရှိချက်များကို စာတမ်းပြုစုခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်အစည်းအဝေး (၂၀၀၆) တတိယနေ့တွင် အစုအဖွဲ့ ကိုယ်စား နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို တင်ပြမည့် ကိုယ်စားလှယ်အား စိစစ်ရွေးချယ်၍ သဘာပတိက တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်းက နိဂုံးချုပ်အမှာစကားပြောကြားကာ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

### အစုအဖွဲ့အမှတ်(၂)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၂) **“ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ”** နီးနှောဖလှယ်ပွဲကို နံနက် ၈ နာရီတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ရှိ မြန်မာစာနှင့် သင်္ချာဌာနအဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော ဦးသန်းဌေးနှင့် ဦးမောင်ပါတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အိမွန်စိုးနှင့် တွဲဖက်အခမ်းအနားမှူး အဖြစ် မွန်ပြည်နယ် ရေးမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အလုပ်အမှုဆောင် ဒေါ်နုနုမွန်တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်၇၉ဦးတို့စလုံး တက်ရောက်ကြ၍ နီးနှောဖလှယ်ပွဲအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ နီးနှောဖလှယ်ပွဲစတင်ကျင်းပကြောင်းကြေညာသည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးတင်ထွတ် က အမှာစကားပြောကြားသည်။

#### ပေါင်းစပ်ညှိနှိုင်း

ထို့နောက် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သော **“ပညာရေးရာ၊ လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ”**နီးနှောဖလှယ်ပွဲ၌ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်များ၏ တင်ပြချက်များကို ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းကြပြီး အစုအဖွဲ့၏ “ပညာရေးရာ၊ လူမှုရေးနှင့်ယဉ်ကျေးမှုရေးရာကဏ္ဍ” တင်ပြချက်များမှ တွေ့ရှိချက်များကို စာတမ်းပြုစုကြကာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် အစုအဖွဲ့ ကိုယ်စား တွေ့ရှိချက်များကို တင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်၍ သဘာပတိက တာဝန်ပေးအပ်သည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးဦးတင်ထွတ်က နိဂုံးချုပ် အမှာစကားပြောကြားပြီးနီးနှောဖလှယ်ပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။



**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၁) စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ နီးနှောဖလှယ်ပွဲ၌ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသောင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

### အစုအဖွဲ့အမှတ်(၃)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံး ကျွတ်အစည်းအဝေး(၂၀၀၆) အစုအဖွဲ့ အမှတ်(၃)**“စီးပွားရေးရာကဏ္ဍ”**နီးနှောဖလှယ်ပွဲကို နံနက် ၈ နာရီ ၁၅ မိနစ်တွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ကွန်ပျူတာဌာန စာသင်ဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များ အဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် များဖြစ်ကြသော ဦးမောင်မောင်သိမ်းနှင့် ဦးတင်နိုင်သိန်းတို့ ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် မကွေးတိုင်း ရေနံချောင်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်သဲဝါက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် မိုးမောက်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းခမ်းပိုင်က လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၃)တွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၇၈ ဦးတို့ ရှိသည့်အနက် အားလုံးတက်ရောက်ကြ၍ နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်း ကြေညာသည်။ ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက အဖွင့်အမှာစကား ပြောကြားသည်။

#### ဆွေးနွေးတင်ပြ

ဆက်လက်၍ နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် ပြည်နယ်နှင့်တိုင်းများမှ နီးနှောဖလှယ်ခဲ့သော “စီးပွားရေးရာကဏ္ဍ” တင်ပြချက်များကို ပြည်နယ်နှင့်တိုင်း ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆)တတိယနေ့တွင် အစုအဖွဲ့ ကိုယ်စား နီးနှောဖလှယ်ပွဲ၌ တွေ့ရှိချက်များကိုတင်ပြမည့် ကိုယ်စားလှယ် တစ်ဦးအား ရွေးချယ်ကြသည်။

ယင်းနောက် သဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားကာ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။






**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၂) ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ နီးနှောဖလှယ်ပွဲ ကျင်းပစဉ်။** (သတင်းစဉ်)

### အစုအဖွဲ့အမှတ်(၄)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)၏ အစုအဖွဲ့ အမှတ်(၄) **“ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ် စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ”** နီးနှောဖလှယ်ပွဲကို နံနက် ၈နာရီခွဲတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ စာသင်ခန်းမ၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များ ဖြစ်ကြသော သူရဦးအေးမြင့်၊ ဦးသိန်းဆွေနှင့် ဒေါက်တာချမ်းငြိမ်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူး အဖြစ် ချင်းပြည်နယ် ထန်တလန်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ရင့်အီယာန်းက လည်းကောင်း၊ တွဲဖက်အခမ်းအနားမှူးအဖြစ် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် ပြည်ထောင်စု

စာမျက်နှာ ၅ ကော်လံ ၁ သို့




**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၃) စီးပွားရေးရာကဏ္ဍ နီးနှောဖလှယ်ပွဲ၌ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်း အမှာစကား ပြောကြားစဉ်။** (သတင်းစဉ်)

*စာမျက်နှာ ၄ မှ*

ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်နန်းဟွမ်ခမ်းက လည်းကောင်း ဆောင်ရွက်ကြသည်။

ထို့နောက် အခမ်းအနားမှူးက အစုအဖွဲ့အမှတ်(၄)တွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ်ပေါင်း ၈၀ ရှိသည့်အနက် အားလုံးတက်ရောက်သည့်အတွက် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်း ကြေညာသည်။

ရှေးဦးစွာ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်က အဖွင့်အမှာစကားပြောကြားသည်။





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၄) ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ နီးနှောဖလှယ်ပွဲ၌ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

## ရွေးချယ်

ထို့နောက် နိုဝင်ဘာ ၄ ရက်တွင် ကျင်းပခဲ့သည့် ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များက နီးနှောဖလှယ်ခဲ့ကြသော “ဒို့တာဝန်အရေး(၃)ပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ” တင်ပြချက်များကို ပြည်နယ်နှင့်တိုင်းများမှ ကိုယ်စားလှယ်များက ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) တတိယနေ့တွင် အစုအဖွဲ့အမှတ်(၄) ကိုယ်စား စာတမ်းဖတ်ကြားတင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်ကြကာ နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၅) စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ နီးနှောဖလှယ်ပွဲ၌ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာ အမှာစကားပြောကြားစဉ်။(သတင်းစဉ်)

## အစုအဖွဲ့အမှတ်(၅)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) အစုအဖွဲ့အမှတ်(၅)၏ **“စစ်မှန်သော ပြည်ထောင်စု မျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ”** နီးနှောဖလှယ်ပွဲကို နံနက် ၈ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ခွဲစိတ်ပညာဌာနအဆောင်၌ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဗဟိုအလုပ်အမှုဆောင်ဦးစိုးသာကဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသော ဦးအောင်မင်း၊ သူရဦးမြင့်မောင်နှင့်ဦးဉာဏ်ထွန်းအောင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်နန်းမေသဲဆုညိမ်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ကချင်ပြည်နယ် ပူတာအိုမြို့နယ် ပန်နန်းဒင်မြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ဥမ္မာမြင့်တို့ကဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၇၉ ဦးစလုံး တက်ရောက်ကြသဖြင့် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ၏ခွင့်ပြုချက်အရ စတင်ကျင်းပကြောင်း ကြေညာသည်။

ယင်းနောက် သဘာပတိပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာက အမှာစကားပြောကြားသည်။

ထို့နောက် “စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေးကဏ္ဍ”နှင့်စပ်လျဉ်း၍ ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကိုယ်စားလှယ်များက “ဝိုင်းဝန်းနီးနှောဖလှယ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ဆွေးနွေးခြင်း၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေးကဏ္ဍ”တွေ့ရှိချက်များကို စာတမ်းပြုစုခြင်းနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) တတိယနေ့တွင် အစုအဖွဲ့ကိုယ်စား နီးနှောဖလှယ်ပွဲမှ တွေ့ရှိချက်များကို တင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား စိစစ်ရွေးချယ်ခြင်းနှင့် သဘာပတိက တာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးစိုးသာက နိဂုံးချုပ် အမှာစကားပြောကြားပြီး နီးနှောဖလှယ်ပွဲကို ရုပ်သိမ်းလိုက်သည်။

## အစုအဖွဲ့အမှတ်(၆)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) အစုအဖွဲ့အမှတ်(၆)၏ **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍ”** နီးနှောဖလှယ်ပွဲကို နံနက် ၈ နာရီတွင် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်ရှိ ပြဇာတ်ရုံအဆောင်၌ ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးက ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းမြင့်နှင့် ဦးအောင်သိန်းလင်းတို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်ကြူမိုးသန့်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် မဆွီးနယ်မွေတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားမှူးက နီးနှောဖလှယ်ပွဲသို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ်ပေါင်း ၈၀ စလုံး တက်ရောက်ကြသဖြင့် နီးနှောဖလှယ်ပွဲ အထမြောက်ကြောင်းနှင့် သဘာပတိ ခွင့်ပြုချက်အရ စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက အမှာစကားပြောကြားသည်။

## ဆွေးနွေးညှိနှိုင်း

ယင်းနောက် အစုအဖွဲ့အမှတ်(၆)၏ **“ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေး ကဏ္ဍ”** နှင့် စပ်လျဉ်း၍ ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးညှိနှိုင်းကြပြီး တွေ့ရှိချက်များကို စာတမ်းပြုစု၍ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေး (၂၀၀၆) တတိယနေ့တွင် အစုအဖွဲ့ကိုယ်စား “ပြည်တွင်းပြည်ပ အဖျက်သမားများ အန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက် ဖျက်ရေးကဏ္ဍ” တွေ့ရှိချက်များကို တင်ပြမည့် ကိုယ်စားလှယ်တစ်ဦးအား ရွေးချယ်၍ သဘာပတိက တာဝန်ပေးအပ်သည်။

ဆက်လက်၍ သဘာပတိအဖွဲ့ဝင် ဗဟိုအလုပ်အမှုဆောင် ဦးအုန်းမြင့်က လိုအပ်သည်များကို မှာကြားသည်။

## နိဂုံးချုပ် အမှာစကားပြောကြား

ယင်းနောက် သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက နိဂုံးချုပ် အမှာစကားပြောကြားကာ နီးနှောဖလှယ်ပွဲကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

**(သတင်းစဉ်)**





ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)၏ ဒုတိယနေ့တွင် အစုအဖွဲ့အမှတ်(၆) ပြည်တွင်းပြည်ပအဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍ နီးနှောဖလှယ်ပွဲ၌ သဘာပတိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

# နိုင်ငံတော်၏ဦးတည်ချက်များနှင့် မူဝါဒလမ်းစဉ်(၇)ရပ်အောင်မြင်ရေး ပြည်သူတို့နှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဆောင်ရွက်သွားမည်

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များအကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖြူသီရိအောင် တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို စစ်ကိုင်းတိုင်း မုံရွာမြို့နယ်မှ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဖြူသီရိအောင်က တင်ပြရာတွင် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းများသည် စည်းရုံးရေး၏သော့ချက်ဖြစ်ပြီး ရပ်ရေးရွာရေးသည် အမျိုးသားရေး၏လူမှုရေးဆိုင်ရာ အခြေခံအုတ်မြစ်ဖြစ်၍ အစီရင်ခံသည့်ကာလအတွင်း အသင်းအဆင့်ဆင့်သည် ဘာသာရေးလုပ်ငန်းများတွင် အကြိမ်(၄၇)ကြိမ် ပါဝင်ဆောင်ရွက်ခဲ့ပြီး ငွေကျပ်စုစုပေါင်း ၆၆၉၁၈၀၀တို့ကို လှူဒါန်းနိုင်ခဲ့ကြောင်း။

ထို့ပြင် စုပေါင်းသွေးလှူဒါန်းခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင်လည်း အသင်းဝင်ပေါင်း ၇၄၇၆ ဦးက သွေးပုလင်းပေါင်း ၂၅၅၀၈ ပုလင်းတို့ကို ပေးအပ်လှူဒါန်းနိုင်ခဲ့သည့်အပြင် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်တားဆီးရေးလုပ်ငန်းများနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် အသင်းဝင်ပေါင်း ၅၀၅၄ဦးဖြင့် ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ကြောင်း။

လူမှုစောင့်ရှောက်ရေး လုပ်ငန်းများအဖြစ် တိုင်းအတွင်း အကျဉ်းထောင်များရှိ အကျဉ်းသားများ၏ ကျန်းမာရေးနှင့် လူမှုရေးလုပ်ငန်းများကို ကူညီဆောင်ရွက်ခဲ့ရာတွင် ကလေးအကျဉ်းထောင်သို့ သုံးကြိမ်၊ ကသာအကျဉ်းထောင်သို့ သုံးကြိမ်၊ မုံရွာမြို့အကျဉ်းထောင်သို့ ခုနစ်ကြိမ်၊ ရွှေဘိုအကျဉ်းထောင်သို့ ငါးကြိမ်၊ ခန္တီးအကျဉ်းထောင်သို့ နှစ်ကြိမ်နှင့် တမူးဘဝသစ်စီမံကိန်းသို့ နှစ်ကြိမ် စုစုပေါင်း (၂၂)ကြိမ် သွားရောက်၍ စုစုပေါင်းငွေကျပ် ၂၀၇၀၃၉၅ တန်ဖိုးရှိ လူသုံးကုန်ပစ္စည်းများ၊ ဆေးဝါးများနှင့် စာအုပ်စာတမ်းများကို ထောက်ပံ့လှူဒါန်းနိုင်ခဲ့ကြောင်း။

မိမိတို့ တိုင်းနှင့်ပြည်နယ် အသီးသီး၌ရှိသည့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များသည် နိုင်ငံတော်အစိုးရ၏ မှန်ကန်သောဦးဆောင်မှုအောက်တွင် တပ်မတော်နှင့်လက်တွဲပြီး တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကို စည်းရုံးကာ စည်းလုံးညီညွတ်မှုစွမ်းအားများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့မှုကြောင့် နိုင်ငံတစ်ဝန်း အကြားအလပ်မကျန် သိသာစွာ ခေတ်မီဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်း၊ သို့သော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားတစ်စုသည် နိုင်ငံတော်၏ ပကတိလက်တွေ့ တိုးတက်ပြောင်းလဲမှုများကို မမြင်ယောင်ဆောင်မျက်ကွယ်ပြုပြီး အတ္တစိတ်လွှန်ကဲစွာ လိုရာဆွဲပြောဆိုမှုများ၊ လုပ်ကြံသတင်းများ၊ ကောလာဟလသတင်းများ၊ စည်းလုံးမှု၊ တည်ငြိမ်မှု ပျက်ပြားအောင် အခါပေးလှုံ့ဆော်မှုများနှင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးမဲ့သည့် အဖျက်လုပ်ရပ်များကို ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၀၆ခုနှစ် စက်တင်ဘာ ၁ရက်တွင် ကုလသမဂ္ဂဆိုင်ရာ အမေရိကန်အမြဲတမ်းကိုယ်စားလှယ်က မြန်မာနိုင်ငံတွင် နိုင်ငံရေးအကျဉ်းသားများကို ဆက်လက်ဖမ်းဆီးထားမှု၊ ဒုက္ခသည်ပြဿနာ၊ မူးယစ်ဆေးဝါးပြဿနာ၊ အေအိုင်ဒီအက်စ်နှင့် အခြားရောဂါဖြစ်ပွားမှုပြဿနာစသည့် ပြဿနာများသည် ဒေသအတွင်း မတည်မငြိမ်မှုဖြစ်ပွားစေပြီး နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်လာနိုင်သဖြင့် လုံခြုံရေးကောင်စီ အာဂျင်ဒါတွင် ထည့်သွင်းဆွေးနွေးရန် လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာရေးသားတောင်းဆိုခဲ့သည်ကို တွေ့ရှိရကြောင်း။

မြန်မာနိုင်ငံ၏ အခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေသောအဆိုသည် ကြောင်းကျိုးခိုင်လုံမှုမရှိသည့် တစ်ဖက်သတ်စွပ်စွဲချက်သာဖြစ်ပြီး ကုလသမဂ္ဂပဋိညာဉ်စာချုပ်စာပိုဒ်(၂၄)ကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်ခြင်းဖြစ်သည့်အတွက် စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအနေဖြင့် လုံးဝလက်မခံ ကန့်ကွက်ပါကြောင်းကို တင်ပြလိုကြောင်း။

ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည်နှင့်အညီ နိုင်ငံတော်၊ ပြည်သူနှင့် တပ်မတော်တည်းဟူသော အင်အားစုကြီးသုံးရပ်တို့ ကျောချင်းကပ်၊ ရင်ချင်းအပ်ပြီး တညီတညွတ်တည်း ပူးပေါင်းဖြေရှင်းသွားကြမည်ဆိုလျှင် မည်ကဲ့သို့ အခက်အခဲ ဘေးန္တရာယ်ကိုမဆို မြေကြီးလက်ခတ်မလွဲ အောင်မြင်စွာ တွန်းလှန်ဖယ်ရှား ချေမှုန်းသွားနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ စစ်ကိုင်းတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည်လည်း ပြည်နယ်နှင့်တိုင်း အသင်းအဆင့်ဆင့်တို့နှင့် ထပ်တူထပ်မျှပါဝင်ပြီး ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို ပြည်သူ့သဘောထား(၄)ရပ်နှင့်အညီ ကာကွယ်တားဆီးသွားမည်ဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် စစ်ကိုင်းတိုင်းပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းသည် ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်လျက် နိုင်ငံတော်၏ ဦးတည်ချက်များအောင်မြင်ရေး၊ နိုင်ငံတော်၏မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ပြည်သူတို့နှင့်အတူ ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်အပြည့်အဝဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ၂၀၀၆ခုနှစ် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေးကြီးက ချမှတ်မည့် ရှေ့လုပ်ငန်းစဉ်များအောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးကို စည်းရုံး၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ကတိပြုပြောလိုပါကြောင်းဖြင့် ပြောကြားသွားသည်။

**(သတင်းစဉ်)**

## တောင်တန်းသာသနာပြု (ဗဟို) အလှူငွေပေးအပ်ပွဲကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

သာသနာရေးဝန်ကြီးဌာန သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန၏ တောင်တန်းသာသနာပြု (ဗဟို)အတွက် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ(ရန်ကုန်)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော် ပဋ္ဌာန်းရောင်တော်ဖွင့်အသင်း၏ (၁၄)ကြိမ်မြောက် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၏ ပဋ္ဌာန်းသိမ်းအောင်ပွဲ အထိမ်းအမှတ်ကို နိုဝင်ဘာ၈ရက်က ကျင်းပသော ဓမ္မဒူတ အရှင်ဆေကိန္ဒတရားပွဲ ဓမ္မပူဇာအလှူငွေများအနက် ငွေကျပ်၃၀၁၅၀၀ ကိုဆရာတော် ဓမ္မဒူတ အရှင်ဆေကိန္ဒက သီရိမင်္ဂလာကမ္ဘာအေးစေတီတော်ပန်းလည်တိုင်နှင့် ငှက်မြတ်နား အလှူငွေအဖြစ် လှူဒါန်းရာ ပဋ္ဌာန်းရောင်တော်ဖွင့်အသင်းမှ ဦးမြသိန်းနှင့် ဦးမြသောင်းတို့က ဆရာတော်ကိုယ်စား လှူဒါန်းစဉ်။** (က–ပ)

## သဲအင်းဂူအဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကင်းမြို့နယ် မိုးကောင်းဘုရားဝင်း သဲအင်းဂူ ဓမ္မဗိမာန်တော်ကြီး၌ မူလသဲအင်းဂူဆရာတော်ကြီး၏ ကမ္မဋ္ဌာန်းမှုနှင့်အညီ နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ အဓိဋ္ဌာန် ခုနစ်ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်သည်။ ယင်းတရားစခန်းတွင် ရန်ကုန်မြို့လုံး ဆိုင်ရာ သဲအင်းဂူသာသနာပြုအဖွဲ့၏ ဩဝါဒါစရိယ ပဓာနကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဣန္ဒာဝံသ ဆရာတော်နှင့် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ဇဝနတိက္ခ (မုံရွာ) အရှင်သူမြတ်နှစ်ပါးတို့က ခန္ဓာကိုယ်တွေ့ သမထဝိပဿနာတရားများ ချီးမြှင့်ဟောကြား ပြသမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် နိုဝင်ဘာ ၁၈ ရက်(စနေနေ့) ညနေ ၅ နာရီအရောက် နိုင်ငံသားစိစစ်ရေး ကတ်ပြားများနှင့်အတူ လာရောက်စာရင်းသွင်းနိုင်ကြပြီး နေ့ဆွမ်း၊ အရုဏ်ဆွမ်းများ လာရောက် လှူဒါန်းနိုင်ကြောင်း သိရသည်။

**(က–ပ)**

# ကျေးလက်မီးလင်းရေး ရေအားလျှပ်စစ် ၂၉ လုံး တပ်ဆင်လှူဒါန်းနိုင်ခဲ့ အမျိုးသားနိုင်ငံရေးကို ဦးလည်မသုန်ထမ်းဆောင်သွားရန်သန္နိဋ္ဌာန်ချမှတ်ထား

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုဝင်ဘာ ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း)ရှိ ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေး တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးစောဟန်အေးက တင်ပြရာတွင် ကရင်ပြည်နယ်အတွင်း အသင်းအဆင့်ဆင့်အနေဖြင့် ၂၀၀၅–၂၀၀၆ခုနှစ် တစ်နှစ်တာကာလအတွင်း၌ အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ ဂီတအနုသုခုမ ပညာသင်တန်း၊ စာပေနှင့်ယဉ်ကျေးမှုသင်တန်း၊ နွေရာသီနှင့် မိုးရာသီ အားကစားသင်တန်းများ၊ အကြိုအခြေခံမီးသတ်သင်တန်း၊ စီမံခန့်ခွဲရေး (ဆင့်ပွား) သင်တန်း၊ လူထုအတွင်း အခြေခံရှေးဦးသူနာပြုစုနည်း (ဆင့်ပွား) သင်တန်း၊ အမျိုးသမီးအိမ်တွင်းမှုစက်ချုပ်သင်တန်း၊ ခေတ်မီစာကြည့်တိုက်နည်းပညာသင်တန်းများကို ဖွင့်လှစ်နိုင်ခဲ့ပြီး အသင်းဝင်စုစုပေါင်း ၄၈၁၉၂ဦး လေ့ကျင့်သင်ကြားပေးနိုင်ခဲ့ကြောင်း အစီရင်ခံသည့်ကာလအထိ ကရင်ပြည်နယ်အသင်းအနေဖြင့် အလုပ်အမှုဆောင်များနှင့် အသင်းဝင်များစုစုပေါင်း ၃၉ဦးကို ပြည်ပသို့ ရွေးချယ်စေလွှတ်ခြင်းခံရကြောင်းကို တင်ပြလိုကြောင်း၊ ယခုနှစ် အတွင်းတွင် မိမိတို့ကရင်ပြည်နယ်အသင်းအနေဖြင့် ထူးထူးခြားခြား ပညာရေး ကဏ္ဍကို အလေးပေး ပံ့ပိုးကူညီဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ကရင်ပြည်နယ် အတွင်းရှိ အခြေခံပညာမူလတန်းနှင့် မူလတန်းလွန်ကျောင်းပေါင်း ၁၄၀ကို စာသင်ခုံ ၁၄၇၅လုံး၊ ငွေကျပ်တန်ဖိုး ၁၂၅၃၇၅၀၀ ကို လှူဒါန်းခဲ့သည့်အပြင် ရေဘေးအန္တရာယ် ကျရောက်ခဲ့ရသော ကျေးရွာများရှိ ကျောင်းသားကျောင်းသူ ၅၅၅ဦးအတွက် ဗလာစာအုပ် ၅၅၅ဒါဇင်နှင့် ခဲတံများ၊ ငွေကျပ် ၂၂သိန်းနှင့် အဝတ်အထည်များကို ပေးအပ်လှူဒါန်းနိုင်ခဲ့ကြောင်း။

သာရေး၊ နာရေး၊ လူမှုရေးလုပ်ငန်းများအနေဖြင့် အသင်းဝင်များ၏ ရပ်ကွက်ရှင်ပြုမင်္ဂလာကိစ္စများတွင် လူအား၊ ငွေအား ကူညီပံ့ပိုးပေးခြင်း၊ ဘုရား၊ ပုထိုး၊ စေတီ၊ ကျောင်း၊ ဆေးရုံများတွင် သန့်ရှင်းရေးများဆောင်ရွက်ခြင်း၊ ဓမ္မာစကြာရွတ်ဖတ်ခြင်း၊ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ဝါတွင်းသုံးလအတွက် ဆွမ်းစရိတ်များ လှူဒါန်းခြင်း၊ ဆေးရုံတက်ရောက်ကုသနေသည့် အသင်းဝင်များ၏ မိဘဆွေမျိုးသားချင်းများမှ လိုအပ်သောသွေးနှင့် အစားအသောက်၊ ငွေကြေးတို့ကို ပံ့ပိုးပေးခြင်းအပြင် ဈာပနကိစ္စများတွင်လည်း အသင်းဝင် များ ကူညီဆောင်ရွက်ပေးနေခြင်းတို့ကို အားရဖွယ်တွေ့မြင်နေကြရကြောင်း။

ကျေးလက်မီးလင်းရေးအနေဖြင့် ကရင်ပြည်နယ်အသင်းက ရေအားလျှပ်စစ် ၂၉လုံး တပ်ဆင်လှူဒါန်းခဲ့ပြီး ဖြစ်ကြောင်း၊ ဆက်လက်၍လည်း နေရောင်ခြည်သုံး လျှပ်စစ်မီးရရှိရေးအတွက် ကျေးရွာခုနစ်ရွာကို တပ်ဆင်ဆောင်ရွက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် ကရင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေး အသင်းအဆင့်ဆင့်သည် စည်းရုံးရေးလုပ်ငန်းများကို အောက်ခြေနယ်မြေဒေသအထိ ကွင်းဆင်းပြီး မိဘပြည်သူများ၏ အကျိုးကိုမျှော်မှန်းကာ အသင်းဝင်များကို အရည်အချင်းမြင့်မားတိုးတက်လာစေရန် လေ့ကျင့်ပညာပေးခြင်းဖြင့် စဉ်ဆက်မပြတ် တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်အတွက် အားထားရသော အမျိုးသားရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မြဲမြဲရပ်တည်လျက် အမျိုးသားနိုင်ငံရေးကို ဦးလည်မသုန် ထမ်းဆောင်သွားရန် သန္နိဋ္ဌာန်ချမှတ်ပြီး နယ်မြေဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် ယခုထက် ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

# ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတည်ဆောက်ရာတွင် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲညီညီအင်တိုက်အားတိုက်ဆောင်ရွက်လျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုဝင်ဘာ ၄ ရက်မှ ၈ ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ ၅ ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ပြည်နယ်နှင့်တိုင်း အသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ချင်းပြည်နယ် ဖလမ်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဆွီးနယ်မွေ တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို ချင်းပြည်နယ် ဖလမ်းမြို့နယ်မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်ဆွီးနယ်မွေက တင်ပြရာတွင် ချင်းပြည်နယ်၌ ကျေးလက်နေ ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသင်းနှင့် ကျေးလက်ပြည်သူလူထုတို့ ပူးပေါင်းမှုဖြင့် ကျေးလက်မီးလင်းရေး၊ ကျေးရွာချင်းဆက်လမ်းများ၊ တံတား၊ ဂြိုဟ်တုစလောင်းဖမ်းစက်များ၊ ရောင်စုံရုပ်မြင်သံကြားစက်များနှင့် အခြေခံမူလတန်းကျောင်းများတွင် လိုအပ်လျက်ရှိသော စာသင်ခုံ၊ စာရေးထိုင်ခုံများ၊ ကျေးလက်ရေ ရရှိရေးလုပ်ငန်းစဉ်များအတွက် ငွေကျပ်၇၉သိန်းကျော် ထောက်ပံ့ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ကမ္ဘာသိ**

ထို့အပြင် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမခြေလှမ်းဖြစ်သည့် အမျိုးသားညီလာခံကို အသင်းဝင်အင်အား၁၀၀၀၀ကျော်က ကြိုဆိုထောက်ခံကြောင်းအခမ်းအနားကို ပြည်နယ်၏ ဟားခါးမြို့တော်၌ ၁၃–၁–၂၀၀၆ရက်တွင် ကျင်းပနိုင်ခဲ့ကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံကြီးဆီသို့ တက်လှမ်းနိုင်ရေးအတွက် မိမိဒေသ၊ မိမိလူမျိုး၊ အခြေအနေအရ အဆင့်ဆင့်သောမူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တက်လှမ်းရန် ကမ္ဘာသိကြေညာခဲ့သည့်အတိုင်း နေ့မအား ညမနား တက်လှမ်း၍ အောင်မြင်နေသည်ကို မနာလိုသော အဆိုးမြင်အဖျက်သမားတို့သည် အကောင်းကို အဆိုး၊ အမှန်ကိုဖျက်၍ မသမာသောနည်းမျိုးစုံ ကောက်လိမ်သော အကြံဖြင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီကယ်ပါမှ ဖြစ်မည့်အချိုးမျိုး လုံခြုံရေးကောင်စီသို့ တင်သွင်းခဲ့သည်ကို အားလုံးအသိဖြစ်ကြောင်း။

တစ်ဆင့်ပြီးတစ်ဆင့် အသွင်ကူးပြောင်းရေးအတွက် ပုံဖော်နေချိန်တွင် ပြည်တွင်းပြည်ပ အဖျက်သမား မနာလိုမရှုဆိတ်သူတို့က အကြောင်းအမျိုးမျိုးပြပြီး မဟုတ်မမှန် သတင်းများလွှင့်၊ မတရားစွပ်စွဲမှုများပြုလုပ်နေသည်ကို တိုင်းရင်းသားပြည်သူများအနေဖြင့် လုံးဝလက်မခံနိုင်ကြောင်းကို အထူးတင်ပြလိုကြောင်း။

**ခြိမ်းခြောက်ရာရောက်**

မြန်မာနိုင်ငံရေးကိစ္စကို လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းပြီးနောက် ၎င်းကိစ္စနှင့်စပ်လျဉ်းပြီး စက်တင်ဘာ ၂၉ ရက်တွင် ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ ဥက္ကဋ္ဌ တာဝန်ယူထားသည့် ကျူးဘားနိုင်ငံက ပါဝင်တက်ရောက် ဆွေးနွေးခွင့်ပြုရန်တင်ပြခဲ့သော်လည်း လုံခြုံရေးကောင်စီက ငြင်းပယ်လိုက်သည့်အတွက် ထိုနေ့တွင်ပင် ကုလသမဂ္ဂဆိုင်ရာ ကျူးဘားနိုင်ငံကိုယ်စားလှယ်က လုံခြုံရေးကောင်စီဥက္ကဋ္ဌထံ စာတစ်စောင်ရေးသားပေးပို့ရာတွင် "ဘက်မလိုက်လှုပ်ရှားမှုအဖွဲ့ကြီးက မြန်မာနိုင်ငံအခြေအနေသည် နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်ရာရောက်သည်ဟု ယုံကြည်ယူဆမှုမရှိကြောင်း၊ မြန်မာနိုင်ငံအရေးကိစ္စအား လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံက လုံခြုံရေးကောင်စီအစီအစဉ်တွင် ထည့်သွင်းဆွေးနွေးရန် တစ်ဖက်သတ်ဖိအားပေး လုပ်ဆောင်မှုကို ဆန့်ကျင်ကန့်ကွက်ကြောင်း၊ နိုင်ငံတကာငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ခြိမ်းခြောက်မှုမရှိသော ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ၏ အရေးကိစ္စကို လုံခြုံရေးကောင်စီ၌ တရားဝင်ဖြစ်စေ၊ အလွတ်သဘောဖြစ်စေ ဆွေးနွေးရန် ဆုံးဖြတ်ခြင်းသည် ကုလသမဂ္ဂပဋိညာဉ်စာတမ်းအပိုဒ်(၂၄)ကို ချိုးဖောက်ရာရောက်နေသည်ဟု အလေးအနက်အသိပေးလိုက်ပါကြောင်း"ဟု ဖော်ပြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ဗိုလ်ကျစိုးမိုးရေးဝါဒဖြင့် တစ်ကမ္ဘာလုံးကို ကြိုးကိုင်ခြယ်လှယ်မည့် သရုပ်သာ ဖြစ်ကြောင်းကိုလည်း အားလုံးအသိဖြစ်ကြောင်း၊ ဘယ်သူဖျက်ဖျက် မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရန် အသင်းဝင်အားလုံး သန္နိဋ္ဌာန်ချပြီးဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

**ပူးပေါင်းဆောင်ရွက်**

ချင်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းသည် အသင်းနာယက၏ ဩဝါဒ မိန့်မှာချက်များကို လုပ်ငန်းလမ်းညွှန်အဖြစ်ခံယူကာ နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်၊ ဒို့တာဝန်အရေး(၃)ပါး၊ ဦးတည်ချက်(၁၂)ရပ်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ် ကြီးတည်ဆောက်ရာတွင် အုတ်တစ်ချပ် သဲတစ်ပွင့်အဖြစ် ပါဝင်ဆောင်ရွက်လျက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲညီညီ အင်တိုက်အားတိုက်ပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**

## ဝါဥူး ပရိယတ္တိ အာစရိယပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

အင်းစိန်မြို့နယ် ဖော့ကန်ရပ်ကွက် ဝါဥူး ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တသုနန္ဒ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏုတ္တရနှင့် အနန္တဂုဏ်အင် ကျေးဇူးရှင်တို့အား ကျောင်းသား ကျောင်းသူဟောင်းများ၏ (၃၈)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၀၆ခုနှစ် နိုဝင်ဘာ၁၄ရက် (အမျိုးသားနေ့) မွန်းလွဲ၁နာရီတွင် ဝါဥူး ပရိယတ္တိစာသင်တိုက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **(က–ပ)**

## နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

**လစဉ် လ၏ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့)တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန်လိုအပ်သည့် ကိစ္စရပ်များမှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။**

**၂၀၀၆ခုနှစ် နိုဝင်ဘာလအတွက်**

**(၁၂–၁၁–၂၀၀၆) ရက်နေ့နှင့်**

**(၂၆–၁၁–၂၀၀၆) ရက်နေ့**



**မြစ်ကြီးနားအသင်း(ရန်ကုန်)၏ စုပေါင်းဘုံကထိန်အသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲအခမ်းအနားကို နိုဝင်ဘာ ၄ရက်က ရွှေတိဂုံဘုရားတောင်ဘက်မုခ်ရှိ ကျောက်စိမ်းတွင်းဓမ္မာရုံ၌ကျင်းပရာ အသင်းနာယက ဗိုလ်မှူးကြီးငွေထွန်း(ငြိမ်း)က ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရဲရင့်နိုင်အား ပညာရည်ချွန်ဆုချီးမြှင့်စဉ်။**
(က–ပ)

# ပြည်သူ့အကျိုးပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး (၅) ရပ်အောက်ရှိ လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ လုပ်အား၊ ငွေအားဖြင့်ပါဝင်ဆောင်ရွက်ခဲ့

နေပြည်တော် နိုဝင်ဘာ ၁၁

**နိုဝင်ဘာ၄ရက်မှ ၈ရက်အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)ကို နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်(ရေဆင်း) ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပခဲ့ရာ အစည်းအဝေးပထမနေ့ဖြစ်သည့် နိုဝင်ဘာ၅ရက်တွင် ပြည်နယ်နှင့်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းများက တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ပြည်နယ်နှင့် တိုင်းအသီးသီးတို့မှ ကိုယ်စားလှယ်များက တင်ပြကြသည်။**



**တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဆွေ တင်ပြစဉ်။**
(သတင်းစဉ်)

ထိုသို့တင်ပြရာ၌ တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ တစ်နှစ်တာကာလအတွင်း ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်မှုအခြေအနေများကို တနင်္သာရီတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးတင်မောင်ဆွေက တင်ပြရာတွင် ယနေ့အချိန်အခါသည် အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးနှင့် နိုင်ငံတကာအလယ်၌ လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံအဖြစ် တင့်တင့်တယ်တယ် ဝင့်ဝင့်ကြွားကြွား ဂုဏ်သိက္ခာရှိရှိ ရပ်တည်နိုင်စေရေးအတွက် နိုင်ငံတော်အစိုးရက ကြိုးပမ်းစွမ်းဆောင်ပေးနေချိန်လည်းဖြစ်ကြောင်း။ ယခုကဲ့သို့ နိုင်ငံတော်ကလည်း အမျိုးသားအကျိုးစီးပွားဖော်ဆောင်ရေးတွင် အမြဲထာဝရနိုင်ငံတော်နှင့် နိုင်ငံသားများအတွက် လိုအပ်ချက်ဖြစ်သော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို လက်ငင်းထိန်းသိမ်းစောင့်ရှောက်ပေးနေသကဲ့သို့ အနာဂတ်ရည်မျှော်ပြီးဖြစ်ပေါ်လာမည့် ဖွဲ့စည်းအုပ်ချုပ်မှု ပုံစံတစ်ရပ်ကိုလည်း ညင်သာစွာအသွင်ကူးပြောင်းပေးနေကြောင်း။

**အမျိုးသားရေး**

နိုင်ငံတော်ကလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးအတွက် အချက်(၇)ချက်ပါသော နိုင်ငံရေးအစီအစဉ်ကို နိုင်ငံတော်ရှေ့ဆက်သွားရမည့် မူဝါဒလမ်းစဉ်အဖြစ် အတိအကျထုတ်ပြန်ခဲ့ပြီးဖြစ်သည့်အပြင် အဆိုပါမူဝါဒလမ်းစဉ်(၇)ရပ်သည် ပထမဆုံးအဆင့်ဖြစ်ရုံသာမက အရေးအကြီးဆုံးဖြစ်သည့် အမျိုးသားညီလာခံကြီးတွင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်၊ နိုင်ငံ့ဝန်ထမ်းများနှင့် အခြားဖိတ်ကြားသင့်သည့် ကိုယ်စားလှယ်များစသည့် ကိုယ်စားလှယ်ပေါင်းစုံပါဝင်သော ညီလာခံကြီးဖြစ်သည်နှင့်အညီ အမျိုးသားညီလာခံကြီးအောင်မြင်ပြီးမြောက်အောင် ကျင်းပရေးအပါအဝင် မူဝါဒလမ်းစဉ်အဆင့်အားလုံး အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးသည် အမျိုးသားရေးအသင်းကြီးမှ မိမိတို့အသင်းဝင်များအားလုံး၏ အမျိုးသားရေးတာဝန်ပင်ဖြစ်သည် ဆိုသည်ကိုလည်း အလေးအနက်ထား တင်ပြလိုကြောင်း။

မိမိတို့တိုင်းအတွင်း အသင်းအဆင့်ဆင့်အနေဖြင့် အစီရင်ခံသည့်ကာလအတွင်း၌ ပြည်သူ့အကျိုးပြုကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ကြီး(၅)ရပ်အောက်တွင် လူမှုရေး၊ ကျန်းမာရေးနှင့် ပညာရေးကဏ္ဍများ၌ လုပ်အား၊ ငွေအားဖြင့် တတ်အားသရွေ့ ပါဝင်လှုပ်ရှားဆောင်ရွက်ခဲ့ကြောင်း။

ယခုကဲ့သို့ ဆောင်ရွက်ပေးသည့်လုပ်ငန်းမှန်သမျှကိုလည်း မိမိအသင်း အဖွဲ့အစည်းအကျိုးထက် အများပြည်သူအကျိုးအတွက်ဟူသော မွန်မြတ်သော စိတ်ရင်းစေတနာရင်းနှင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းကိုလည်း တင်ပြလိုကြောင်း။

**လေ့ကျင့်မွေးထုတ်**

မိမိတို့ဒေသအတွင်းတွင်လည်း အသင်းဝင်များအရည်အသွေး၊ အရည်အချင်းများ မြင့်မားရေးအတွက် တိုင်း၊ ခရိုင်၊ မြို့နယ်အသင်းအဆင့်ဆင့်၏ အစီအမံဖြင့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း၊ စွမ်းရည်မြင့်သင်တန်း၊ အခြေခံအင်္ဂလိပ်စကားပြောသင်တန်း၊ ကွန်ပျူတာအခြေခံသင်တန်း၊ ဂီတသုခုမအနုပညာသင်တန်း၊ အားကစားသင်တန်း၊ ရေကြောင်းသင်တန်း၊ အခြေခံစာရင်းကိုင်ပညာသင်တန်း၊ 'အ'သုံးလုံးသင်တန်းစသော သင်တန်းအမျိုးအစား၁၂မျိုးတွင် နေရာပေါင်း၄၁၂နေရာဖွင့်လှစ်ပြီး အသင်းဝင် သင်တန်းသားပေါင်း ၉၈၄၅၉ဦးကို လေ့ကျင့်မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်းကို တင်ပြလိုကြောင်း။

**တက်တက်ကြွကြွ**

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ မိမိတို့ နိုင်ငံတော်အစိုးရသည် နိုင်ငံရေးဦးတည်ချက်(၄)ရပ်၊ စီးပွားရေးဦးတည်ချက်(၄)ရပ်၊ လူမှုရေးဦးတည်ချက်(၄)ရပ်ချမှတ်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းရင်းသားလူမျိုးအသီးသီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခွင့်အလမ်းများ မြင့်မြင့်မားမားအစဉ်တစိုက် ဖော်ဆောင်ပေးသည့် ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီးကို ကျင်းပပြီးဆောင်ရွက်လျက်ရှိရာ ခရီးအတော်ရောက်နေပြီဖြစ်သည်နှင့်အညီ မိမိတို့အသင်းဝင်များအားလုံးသည်လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး ပါဝင်ဆောင်ရွက်ရေးကို စည်းရုံးဆောင်ရွက်ပြီး ကျရာအခန်းကဏ္ဍမှနေ၍ ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် အပြည့်အဝဖြင့် တက်တက်ကြွကြွ အင်တိုက်အားတိုက် စွမ်းစွမ်းတမံ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို လေးလေးနက်နက် ကတိပြုပြောကြားလိုကြောင်းဖြင့် တင်ပြသွားသည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ဒုတိယရရှိသည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မသီရိဝင်းအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ဒုတိယရရှိသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမြသန္တာအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ၌ ဒုတိယရရှိသည့် ပဲခူးတိုင်း(အနောက်) ပေါက်ခေါင်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ သုံးဘာသာဂုဏ်ထူးရှင် မောင်ဇော်မင်းထွန်းအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်မှတ်ကို ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

ဘာသာတွဲ အုပ်စုအလိုက် အဆင့်(၁)မှ(၁၀)အတွင်းရရှိကြသော ကျောင်းသားကျောင်းသူများ၊ ပဌမအကြိမ် သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများ၊ နေပြည်တော်ရှိအခြေခံပညာကျောင်းများမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။



မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် ပဌမအကြိမ် သင်္ချာအိုလံပစ်ပြိုင်ပွဲ၌ ထူးချွန်စွာ အောင်မြင်ခဲ့ကြသည့် ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

အခမ်းအနားတွင် နေပြည်တော် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မမြတ်မိမိခင်နှင့် နေပြည်တော်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ မနွေးသီရိသိန်းတို့က အခမ်းအနားမှူးများအဖြစ် ဆောင်ရွက်ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နေပြည်တော်အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက 'မြန်မာ့ကျောင်း'သီချင်းကို သီဆို၍ ဖွင့်လှစ်ကြသည်။

## မိမိလူမျိုးရှင်သန်ဖွံ့ဖြိုးရေး

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့အချိန်အခါတွင် သိပ္ပံနှင့်နည်းပညာရပ်များ၏ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေမှုကြောင့် ယင်းခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များကို မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးအတွက် ထိရောက်အကျိုးရှိစွာ အသုံးပြုနိုင်စွမ်းရှိသည့် အရည်အသွေးမြင့်မားသော အသိပညာရှင်၊ အတတ်ပညာရှင်များ စဉ်ဆက်မပြတ်ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်မှသာ မိမိနိုင်ငံ၊ မိမိလူမျိုး ရှင်သန်ဖွံ့ဖြိုးရေးအတွက် တည်ငြိမ်ခိုင်မာသော အနာဂတ်ကို ကိုယ့်ခွန်ကိုယ့်အားဖြင့် တည်ဆောက်နိုင်မည့် အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်း။

ယနေ့နိုင်ငံတကာကို ကြည့်မည်ဆိုပါက နိုင်ငံတိုင်းနိုင်ငံတိုင်းသည် မိမိနိုင်ငံ၊ မိမိလူမျိုး အစွမ်းကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့နိုင်ငံအတွင်း ခေတ်မီသိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားပြန့်ပွားရေးနှင့် မျိုးဆက်သစ်လူငယ်များကို ခေတ်မီနည်းပညာများ အသုံးပြုလေ့ကျင့် ပျိုးထောင်ပေးရေးအစီအမံများကို အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ယင်းအခြေအနေအချိန်အခါမျိုးတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ကဲ့သို့ မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏ အင်အားဖြင့် ကိုယ့်အားကိုယ်ကိုး ကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ထက်မြက်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရေးသည် အမိနိုင်ငံတော်ကြီး၏ အနာဂတ် တည်ငြိမ်ခိုင်မာပြည့်စုံတင့်တယ်စေရေးအတွက် အခြေခံအကျဆုံးသော အမျိုးသားရေး လိုအပ်ချက်တစ်ရပ်ဖြစ်နေပြီ ဖြစ်ကြောင်း။

## ကြိုးပမ်းဆောင်ရွက်

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည်စီမံကိန်း အဆင့်ဆင့်ကို ချမှတ်ပြီး အခြေခံပညာ ကဏ္ဍကစတင်၍ ကျောင်းသူ ကျောင်းသား လူငယ်များကို တစ်ဦးချင်း၏ ဝါသနာဗီဇ၊ ထူးချွန်ထက်မြက်မှုနှင့် အောင်မြင်နိုင်မှုအလားအလာတို့ကို ဖော်ထုတ်လေ့ကျင့်ပြုစုပျိုးထောင်ပေးနိုင်ရန် ပညာရေးနှင့်လူ့ဘောင်အဖွဲ့အစည်းဆက်စပ်ပေးပြီး နိုင်ငံနှင့်လူမျိုး၏အကျိုးကို စောင့်ရှောက်မြှင့်တင်ပေးမည့် နိုင်ငံ့သားကောင်း သမီးမွန်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးရန်၊ နိုင်ငံတကာ သင်ကြားမှု၊ သင်ယူမှု နည်းစနစ်များကို ပိုင်နိုင်ကျွမ်းကျင်ပြီး နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရအောင် အဆင့်ဆင့်ပြုစုပျိုးထောင်ပေးသွားရန်၊ မြန်မာ့လူ့ဘောင်အဖွဲ့အစည်း၏ လူမှုရေးနှုန်းစံများ၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများကို မြတ်နိုးထိန်းသိမ်းစောင့်ရှောက် မြှင့်တင်ပေးနိုင်မည့် မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်ထက်သန်မြင့်မားသော လူငယ်များဖြစ်လာအောင် လေ့ကျင့်ပျိုးထောင်ပေးနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းသို့ ရည်မှန်းချက် မြင့်မြင့်မားမားထားရှိပြီး စနစ်တကျစီမံကိန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ယနေ့ဆိုလျှင် နိုင်ငံတော်၏ပညာရေးဆိုင်ရာ မူဝါဒများမှန်ကန်ပြည့်စုံမှု၊ ဆရာ ဆရာမများ၏ စနစ်တကျ လေ့ကျင့်သင်ကြားပေးမှု၊ ကျောင်းသူ ကျောင်းသားများ၏ ကြိုးစားအားထုတ်မှု၊ မိဘပြည်သူများ၏ အားပေးကူညီပံ့ပိုးမှုတို့ ပေါင်းစည်းပြီး အမျိုးသားပညာရေးစီမံကိန်းများ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်ဖြစ်ထွန်းအကောင်အထည်ပေါ်လာနေပြီဖြစ်ကြောင်း၊ အလားတူပင် ကျောင်းသူကျောင်းသား လူငယ်များသည်လည်း ပညာရေးဆိုင်ရာ မျှော်မှန်းချက်များနှင့်အညီ ပညာရည်မြင့်မားပြီး ထူးချွန်ထက်မြက်သည့် နိုင်ငံ့သားကောင်းသမီးမွန်များအဖြစ် တစ်စထက်တစ်စ ရုပ်လုံးပေါ်လာခဲ့ပြီ ဖြစ်ကြောင်း။

## ဂုဏ်ယူဝင့်ကြွားဖွယ်

ထို့အပြင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍ၏ အောင်မြင်ဖြစ်ထွန်းမှုများ၊ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ် ကျောင်းသူ ကျောင်းသားများ၏ အရည်အသွေးများကို ဖော်ထုတ်ဂုဏ်ပြုသည့် ပညာရေးစုံညီပွဲတော်များ၊ တက္ကသိုလ်ဝင် စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသူကျောင်းသားများအတွက် ဂုဏ်ပြုဆုချီးမြှင့်ပွဲများကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးလျက်ရှိကြောင်း၊ ယင်းတို့သည် တစ်မျိုးသားလုံးအတွက် ဂုဏ်ယူဝင့်ကြွားဖွယ် အောင်မြင်ဖြစ်ထွန်းမှုများကို ထင်ရှားစေရအောင် ဆောင်ရွက်ပေးနေသည့် ကောင်းမြတ်သော အစီအစဉ်လည်း ဖြစ်ကြောင်း။

တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသူကျောင်းသားများအတွက် ဆုချီးမြှင့်ပွဲများကို ၁၉၉၃ခုနှစ်က စတင်ပြီး နှစ်စဉ်ကျင်းပလာခဲ့ရာ၌ ယခုနှစ်တွင် (၁၄)ကြိမ်မြောက်ရှိပြီဖြစ်ကြောင်း၊ ၂၀၀၆ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရရှိသူ ၅၂၂ဦးနှင့် ငါးဘာသာဂုဏ်ထူးရရှိသူ ၁၀၉၀ ရှိခဲ့ကြောင်း၊ ၎င်းတို့အနက်မှ အဆင့်(၁)မှ (၁၀)အတွင်းရရှိကြသည့် သိပ္ပံဘာသာတွဲအုပ်စုမှ ကျောင်းသူကျောင်းသား ၄၈ဦးနှင့် ဝိဇ္ဇာဘာသာတွဲအုပ်စုမှ ကျောင်းသူ ကျောင်းသား ၁၂ဦး စုစုပေါင်း၆၀တို့ကို ယနေ့ ထူးချွန်ဆုများ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

ထို့အပြင် ယခုဆုချီးမြှင့်ပွဲတွင်ဆုလက်ခံရယူကြမည့် တက္ကသိုလ်ဝင် စာမေးပွဲထူးချွန်ကျောင်းသူကျောင်းသားများအပါအဝင် ပြည်နယ်/တိုင်းများမှ ဘာသာရပ်အုပ်စုအလိုက် ပထမရရှိသူများကို နိုင်ငံတော်၏အစီအစဉ်ဖြင့် အစိုးရပညာသင်ဆုနှင့် ချီးမြှင့်ငွေများ ခံစားခွင့်ပြုသွားမည်ဖြစ်ကြောင်း။

သင်္ချာထူးချွန်ဆုနှင့် ပတ်သက်၍ အခြေခံပညာအဆင့်တွင် သင်္ချာပညာထူးချွန်သည့် ကျောင်းသားကျောင်းသူများကို လေ့ကျင့်မွေးထုတ်ပေးရန်နှင့် အနာဂတ်နိုင်ငံတော်အတွက် သင်္ချာပညာရှင်များပေါ်ထွန်းလာစေရန် မျှော်မှန်းပြီး အခြေခံပညာအထက်တန်းအဆင့် ဒသမတန်း ကျောင်းသူ ကျောင်းသားများအတွက် မြို့နယ်အဆင့်၊ပြည်နယ်/တိုင်းအဆင့်နှင့် ဗဟိုအဆင့် သင်္ချာအိုလံပစ်ပြိုင်ပွဲများကို ၂၀၀၁–၂၀၀၂ပညာသင်နှစ်က စတင်ကျင်းပပေးခဲ့ရာ ယခုနှစ်တွင် ပဌမအကြိမ်မြောက်ခဲ့ပြီ ဖြစ်ကြောင်း။

## ဆုများချီးမြှင့်

ဗဟိုအဆင့်ပြိုင်ပွဲတွင် ပြည်နယ်/တိုင်းအဆင့် ထူးချွန်ကျောင်းသား ကျောင်းသူ စုစုပေါင်း ၅၀ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြသည့်အနက် အဆင့်(၁)မှ (၁၀)အတွင်း ရရှိကြသော ကျောင်းသူ ကျောင်းသား ၁၀ဦးကို ယနေ့ဆုများ ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း။

ထို့အပြင် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပြည်နယ်၊ တိုင်းအလိုက် အောင်ချက်ရာနှုန်းနှင့် အောင်မြင်သူဦးရေအများဆုံးရရှိသော အခြေခံပညာအထက်တန်းကျောင်းများကို သင်ကြားမှုထူးချွန်ကျောင်းများအဖြစ် စိစစ်ရွေးချယ်ပြီး ဆုများချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း။

ယင်းသို့ အခြေခံပညာကဏ္ဍတွင် ထူးချွန်ထက်မြက်သော ကျောင်းသူ ကျောင်းသားများ ပေါ်ထွန်းနေပြီး အခြေခံပညာကဏ္ဍ၏ ပညာရည် အဆင့်အတန်း တိုးတက်မြင့်မားလာနေခြင်းသည် တစ်ချိန်တည်းမှာပင် အဆင့်မြင့်တင်ဆောင်ရွက်နေသည့် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍတို့ လိုက်လျောညီထွေစွာ ချိတ်ဆက်နိုင်စေသည့် အကျိုးရလဒ်ကောင်းများကို ဖြစ်ပေါ်စေလျက်ရှိကြောင်း။

## စနစ်တကျစီမံ

နိုင်ငံတော်အစိုးရအနေဖြင့် အခြေခံပညာကဏ္ဍ ပညာအရည်အသွေးမြင့်မားရေး၊ အခြေခံပညာဆရာဆရာမများ၏ ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေး၊ သင်ကြားရသော ဘာသာရပ်များအလိုက် ဆီလျော်သည့် ဘွဲ့ရရှိသော ဆရာဆရာမများက သင်ကြားပေးရေးတို့ကို စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

တစ်ဖက်တွင်လည်း မြို့ပြနှင့်ကျေးလက် ပညာရေးအဆင့်အတန်းတူညီမျှတစေရန်၊ ပညာသင်ယူနိုင်မှု အခွင့်အလမ်းညီမျှစေရန်၊ ကျောင်းနေအရွယ် ကလေးငယ်တိုင်း ကျောင်းနေပြီး ကျောင်းနေမြဲစေရန်၊ အတန်းတက် ကူးပြောင်းသင်ယူမှုနှုန်းမြင့်မားစေရန် ဦးတည်ချက်ရှိရှိ မျှော်မှန်းကြိုးပမ်းဆောင်ရွက်ပေးနေကြောင်း။

ယင်းလုပ်ငန်းများအပြင် ကျောင်းများဥပဓိရုပ်ကောင်းမွန်ပြီး စာသင်ခန်းများ၊ လက်တွေ့ခန်းများ၊ Multi-Mediaခန်းများ၌ ခေတ်မီသင်ကြားမှုသင်ယူမှု

အထောက်အကူပြုပစ္စည်းများ ပြည့်ဝစေရေးအတွက် လိုအပ်သော ဖြည့်ဆည်းဆောင်ရွက်ပေးမှုများကို ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းစသည့် လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရဌာန ဆိုင်ရာများ၊ မိဘပြည်သူများလက်တွဲ ပူးပေါင်းပြီး တစ်နိုင်ငံလုံးအနှံ့ ဖြန့်ကြက်ဆောင်ရွက်လျက်ရှိကြောင်း။

**စစ်ဆေးကြပ်မတ်ပေး**

ယခုဆိုလျှင် အခြေခံပညာကျောင်း၊ ရုံးများ၏ သင်ကြားသင်ယူမှု အရည်အသွေးနှင့် စီမံခန့်ခွဲမှုအရည်အသွေးများ မြင့်မားတိုးတက်ရေးအတွက် အခြေခံပညာကျောင်း၊ ရုံးများ၏ အရည်အသွေးမြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးခဲ့ပြီး အခြေခံပညာကျောင်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို စစ်ဆေးကြပ်မတ်ပေးလျက်ရှိနေပြီ ဖြစ်ကြောင်း။

အခြေခံပညာအထက်တန်းအဆင့် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို နိုင်ငံတကာအဆင့်မီ မြှင့်တင်ဆောင်ရွက်နိုင်ရေးအတွက်လည်း ၂၀၀၆ခုနှစ် ဧပြီလဆန်းပိုင်းတွင် အခြေခံပညာကဏ္ဍ၊ သင်ရိုးညွှန်းတမ်း၊ သင်ရိုးမာတိကာများအဆင့်မြှင့်တင်ရေး ဆွေးနွေးပွဲနှင့် ၂၀၀၆ခုနှစ် အမျိုးသား ပညာရည်မြှင့်မားရေးနီးနှောဖလှယ်ပွဲတို့ကို ကျင်းပပေးခဲ့ပြီး ဘာသာရပ်အလိုက် သင်ရိုးညွှန်းတမ်းနှင့် သင်ရိုးမာတိကာများကို ရေးဆွဲပြုစုလျက်ရှိကြောင်း။

**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများမှ ကျောင်းအုပ်ဆရာကြီး ဆရာမကြီးများနှင့် မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)





**မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌ အဆင့်(၁)မှ (၁၀)အတွင်း ဆုရကျောင်းသားကျောင်းသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။**
(သတင်းစဉ်)

ခြောက်ဘာသာဂုဏ်ထူးရှင် မမေသူနွယ်နွယ်၊ ဆဋ္ဌမရရှိကြသော မွန်ပြည်နယ် မော်လမြိုင်မြို့အမှတ်(၆)အခြေခံပညာ အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မခင်ခင်လေး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမိုးမြင့်သီရိ၊ ရန်ကုန်တိုင်း အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကောင်းဦးဟန်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမေသူခိုင်၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မကြည်စောတင်၊ သတ္တမရရှိကြသော မွန်ပြည်နယ် မော်လမြိုင်မြို့အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မကြည်ပြာသန်းယု၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဝင့်ဝါထက်ထက်အောင်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မရည်မွန်ဦး၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မခိုင်ထက်ဝေ၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမြတ်နိုးမွန်၊

***စာမျက်မျက်နှာ ၁၀ ကော်လံ ၁ သို့***

အခြေခံပညာဆရာဆရာမများ၏ ဘာသာရပ်သင်ကြားမှု အရည်အသွေးထက်မြက်မြင့်မားရေးအတွက် အခြေခံပညာအထက်တန်းအဆင့် အင်္ဂလိပ်စာ၊ သင်္ချာနှင့် ရူပဗေဒဘာသာပြဆရာများ မွမ်းမံသင်တန်းများကို ၂၀၀၆ခုနှစ် နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း တက္ကသိုလ်၊ ဒီဂရီကောလိပ်၃၀၌ ဖွင့်လှစ်လေ့ကျင့်ပေးခဲ့ရာတွင် အထက်တန်းပြဆရာ ဆရာမ၆၈၅၇ဦးတက်ရောက်ခဲ့ပြီးနောက် ယနေ့အထက်တန်းကျောင်းသူကျောင်းသားများကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း။

**စွမ်းအားမြှင့်တင်**

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မိမိတို့ရရှိခဲ့သည့် ဘာသာရပ်ဘွဲ့၊ ပညာရေးဘွဲ့များနှင့် ကိုက်ညီပြီး ဘာသာရပ်ပညာ အရည်အချင်းမြင့်မားသော ဆရာ ဆရာမများဖြင့်သာ အထက်တန်းပညာအဆင့်တွင် သင်ကြားပေးနိုင်စေရန် စီမံဆောင်ရွက်နေကြောင်း၊ ထို့ကြောင့် ဂုဏ်ထူးတန်းဘွဲ့နှင့်အထက်ဘွဲ့ရရှိသူများကို ပညာရေးတက္ကသိုလ်များတွင် ပညာရေးနည်းပညာအထူးသင်တန်း (Special Certificate in Education Technology-SCET) တက်ရောက်စေခဲ့ကြောင်း၊ သင်တန်းဆင်း ၁၂၈၀ကို အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒနှင့် ဇီဝဗေဒဘာသာပြဆရာများအဖြစ် ခန့်ထားပေးခဲ့ပြီး ကျောင်းသူကျောင်းသားများ၏ ဘာသာရပ်အလိုက် သင်ယူတတ်မြောက်မှုစွမ်းအားကို မြှင့်တင်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း။

အခြေခံပညာကျောင်းများတွင်လိုအပ်သည့် ဆရာ ဆရာမအင်အား ဖြည့်ဆည်းပေးနိုင်ရေးအတွက် လုပ်ငန်းခွင်အကြိုဆရာအတတ်ပညာ ဒီပလိုမာသင်တန်းများ၊ ပညာရေးဘွဲ့သင်တန်းများနှင့် ပညာရေးနည်းပညာ အထူးသင်တန်းများကို ဖွင့်လှစ်ဖြည့်ဆည်းပေးလျက်ရှိကြောင်း၊ လုပ်ငန်းခွင်ဆရာ ဆရာမများအတွက်လည်း ဆရာအတတ်ပညာ စာပေးစာယူသင်တန်းများအပြင် မဟာဒသဿန ပညာရေးဘွဲ့သင်တန်း၊ မဟာပညာရေးဘွဲ့သင်တန်း၊ ပါရဂူဘွဲ့ သင်တန်းများကိုလည်း တိုးချဲ့ဖွင့်လှစ် လေ့ကျင့်ပေးပြီး ဆရာအတတ်ပညာ အရည်အသွေးမြင့်မားရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

**အကျိုးရလဒ်ကောင်းများ**

ယင်းသို့ အခြေခံပညာကဏ္ဍ ပညာရည်အဆင့်အတန်းမြင့်မားမှုနှင့်အတူ အဆင့်မြင့်ပညာကဏ္ဍနှင့် လိုက်လျောညီထွေစွာချိတ်ဆက်မိပြီး အရည်အသွေးမြင့်မားထူးချွန်ထက်မြက်သော အသိပညာရှင်၊ အတတ်ပညာရှင်များ ပြုစုပျိုးထောင်မွေးထုတ်ပေးနိုင်စေရန် စနစ်တကျစီမံဆောင်ရွက်လျက်ရှိသည့်အတွက် ယခုဆိုလျှင် အောင်မြင်ဖြစ်ထွန်းမှုအကျိုးရလဒ်ကောင်းများ စတင်တွေ့မြင်နေရပြီဖြစ်ကြောင်း။

ယင်းသို့အခြေအနေ အချိန်အခါကောင်းတွင် အခြေခံပညာကဏ္ဍက ထူးချွန်စွာ အောင်မြင်ပြီး အဆင့်မြင့် ပညာကဏ္ဍကို တက်လှမ်းကြရတော့မည့် ထူးချွန်ဆုရကျောင်းသူ ကျောင်းသားများအနေဖြင့် နိုင်ငံတော်အစိုးရ၏ မြင့်မားသော ပညာရေးဆိုင်ရာ မျှော်မှန်းချက်များကို နားလည် သိမြင်ခံယူပြီး အဆင့်မြင့်ပညာကဏ္ဍ၌ ပိုမိုထူးချွန် ထက်မြက်စေရအောင် အရည်အသွေးမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာရအောင် မိမိတို့၏ ရရှိထားပြီး အားထုတ်ကြိုးပမ်းမှု အရှိန်အဟုန်ကိုမြှင့်တင်ရင်း စိတ်အားထက်သန်စွာဖြင့် ဆက်လက်ကြိုးစားအားထုတ်သွားကြပါဟု တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ–

- **အမိပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး နိုင်ငံတကာအလယ်တွင် တင့်တင့်တယ်တယ် ရင်ပေါင်တန်းဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားကိုးအားထားပြုရမည့် မျိုးဆက်သစ်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာစေရအောင် ဆက်လက်ကြိုးပမ်း ဆောင်ရွက်နိုင်ကြပါစေ၊**
- **ယနေ့ထူးချွန်ဆုရရှိကြသည့် ကျောင်းသူကျောင်းသားလူငယ်များအနေဖြင့် ထူးချွန်သည်ထက် ထူးချွန်ထက်မြက်အောင် ကြိုးစားအားထုတ်ပြီး အရည်အသွေးပြည့်ဝမြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာသည့်တစ်နေ့တွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွားကို ထိန်းသိမ်းမြှင့်တင်ပေးနိုင်ကြပါစေ၊ မိမိတို့တတ်ကျွမ်းသည့် ပညာရပ်များဖြင့် မိမိနိုင်ငံနှင့် မိမိလူမျိုးအတွက် အလုပ်အကျွေးပြုနိုင်ပါစေ**

ဟု ဆန္ဒပြုရင်း နိဂုံးချုပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

**မြန်မာနိုင်ငံပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် အဖွဲ့ဝင်များ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံ ဘာသာတွဲ ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြစဉ်။** (သတင်းစဉ်)



ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ၂၀၀၅–၂၀၀၆ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲအုပ်စု၌ ပထမရရှိသည့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မအိအိလှိုင်၊ ဒုတိယရရှိကြသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မသီရိဝင်း၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မနန်းပိုးပိုးဟန်ထွေးနှင့် ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှခြောက်ဘာသာဂုဏ်ထူးရှင် မမြသန္တာ၊ တတိယရရှိကြသော ရန်ကုန်တိုင်း လမ်းမတော် မြို့နယ် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မအိဖြူဖြူဆွေ၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မချမ်းမြေ့မြေ့စိုး၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ပိုင်မင်းထွေးနှင့် မမြသီတာဝင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မခင်နန္ဒာကျော်၊ စတုတ္ထရရှိသော ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မအိသဉ္ဇာမော်၊ ပဉ္စမရရှိကြသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမိုးနှင်းဖြူမြင့်လွင်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုင်းအားရွှန်းဆိုင်နှင့် ရန်ကုန်တိုင်း ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ

**မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားစုများ၏အင်အားဖြင့် ကိုယ့်အားကိုယ်ကိုးကြိုးပမ်းဆောင်ရွက်နေသည့် နိုင်ငံတစ်နိုင်ငံအတွက် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းဆောင်ရည်ထက်မြက်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးရေးသည် အမိနိုင်ငံတော်ကြီး၏ အနာဂတ်တည်ငြိမ်ခိုင်မာပြည့်စုံတင့်တယ်စေရေးအတွက် အခြေခံအကျဆုံးသော အမျိုးသားရေးလိုအပ်ချက်တစ်ရပ်ဖြစ်။**

12-11 (09) 1 11/12/06, 2:22 PM



## ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်မှတ် ပေးအပ်ချီးမြှင့်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ထွေးဦး ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပဉ္စမအကြိမ် သင်္ချာ အိုလံပစ်ပြိုင်ပွဲတွင် ဒုတိယရရှိခဲ့သည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ မောင်သုတအား ဆုတံဆိပ်နှင့် ဂုဏ်ပြုဆုလက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

# (၈၆) နှစ်မြောက် အမျိုးသားနေ့

၁၃၆၈ ခု၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၀) ရက်
(၁၄–၁၁–၂၀၀၆)

## ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းဖြစ်သည့် ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)



## (၈၆)နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

☆ ဝံသာနုရက္ခိတစိတ်ဓာတ်နှင့် စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ရှင်သန်ခိုင်မာရေး။
☆ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။
☆ အမျိုးသားပညာရည်မြင့်မားရေး။
☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေး။

*စာမျက်နှာ ၉ မှ*

အဋ္ဌမရရှိကြသော မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်းမှ မောင်အောင်ကျော်မွန်၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင်များဖြစ်ကြသည့် မောင်မင်းမင်းဦးနှင့် မောင်ရဲထွန်းစိုး၊ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရှိန်လင်းဦး၊ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဆုရွှေရည်ဝင်း၊ ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်ဘုန်းပြည့်၊ ရန်ကုန်တိုင်း ရွှေပြည်သာမြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မချိုသွေးမွန်၊ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အောင်မွန်မြတ်နှင့် ဧရာဝတီတိုင်း ကျုံပျော်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာ ဂုဏ်ထူးရှင် မောင်ကောင်းမြတ်သူ၊ နဝမရရှိကြသော ပဲခူးတိုင်း(အနောက်ပိုင်း) အုတ်ဖိုမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဟန်ဇာပိုးပိုး၊ မန္တလေးတိုင်း ဖောင်တော်ဦး(တွဲဖက်) အခြေခံပညာအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မဆုလတ်ဖြူ၊ ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ဘုန်းကြွယ်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မစုနန္ဒာမင်း၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ပြည့်ဖြိုးဇော်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဝင်းလဲ့ဖြူနှင့် ရန်ကုန်တိုင်း သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မစုမြတ်စန္ဒီအောင်၊ ဒသမဆုရရှိကြသော ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဟေမာန်ထွန်း၊ ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်စိုးသီဟ၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မဟေမာန်ဖူး၊ ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မယဉ်မင်းသက်၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ရှိုင်းမော်ထူး၊ ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မမို့မို့ဟန်၊ ရန်ကုန်တိုင်း လသာမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မဇင်မာထွန်း၊ ရန်ကုန်တိုင်း ဗိုလ်တထောင်မြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းမှ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်ကောင်းမြတ်လူနှင့် ရန်ကုန်တိုင်း တာမွေမြို့နယ် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်းမှ ငါးဘာသာဂုဏ်ထူးရှင် မဝင်းအိခိုင်တို့အားလည်းကောင်း၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဝိဇ္ဇာဘာသာတွဲ၌ ပထမဆုရရှိသော ရှမ်းပြည်နယ်(တောင်ပိုင်း) အောင်ပန်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မအေးချမ်းအောင်၊ ဒုတိယရရှိသော ပဲခူးတိုင်း(အနောက်)ပေါက်မှော် အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ သုံးဘာသာဂုဏ်ထူးရှင် မောင်ဇော်မင်းထွန်း၊ တတိယရရှိသော ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မောင်ထိန်နန်၊ စတုတ္ထရရှိသော ဧရာဝတီတိုင်း မြန်အောင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မောင်အောင်ဆန်းမင်း၊ ပဉ္စမရရှိသော ကချင်ပြည်နယ် ဟိုပင်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မမေသက်မော်နှင့် ဧရာဝတီတိုင်း ကျောင်းကုန်းမြို့မှ သုံးဘာသာဂုဏ်ထူးရှင် မောင်အောင်မျိုးဆန်း၊ ဆဋ္ဌမရရှိသော ရှမ်းပြည်နယ်(မြောက်ပိုင်း)ကွတ်ခိုင်မြို့မှ တစ်ဘာသာဂုဏ်ထူးရှင် မခါးရာ၊ သတ္တမရရှိသော ရန်ကုန်တိုင်းမှ နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဇော်မင်း၊ အဋ္ဌမရရှိသော ဧရာဝတီတိုင်း ဟိုင်းကြီး အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မောင်အောင်မြင့်ထွန်း၊ နဝမရရှိသော ဧရာဝတီတိုင်း ကြို့ကုန်း အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ သုံးဘာသာဂုဏ်ထူးရှင်မအေးမြတ်သူ၊ ဒသမရရှိသော မကွေးတိုင်း မောက်ရှာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ နှစ်ဘာသာဂုဏ်ထူးရှင် မောင်ဝင်းထွန်းအောင်နှင့် ဧရာဝတီတိုင်း ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းမှ သုံးဘာသာဂုဏ်ထူးရှင် မမေမြတ်မွန်တို့အားလည်းကောင်း ဆုတံဆိပ်များနှင့် ဂုဏ်ပြုဆုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ထွေးဦးက ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပဉ္စမအကြိမ် သင်္ချာအိုလံပစ်ပြိုင်ပွဲတွင် ပထမဆုရသည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ မောင်ဟိန်းမြတ်သူထက်၊ ဒုတိယရရှိသည့် ရန်ကုန်တိုင်း ကမာရွတ်မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းမှ မောင်သုတ၊ တတိယရရှိသည့် မကွေးတိုင်း မကွေးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မခိုင်ဝေဝေသိမ့်၊ အထူးဆုများရရှိကြသည့် ရှမ်းပြည်နယ် (တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာထက်တန်းကျောင်းမှ မခင်နန္ဒာကျော်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဝင်းနိုင်၊ မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ပြည့်ဖြိုးဟန်၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၁၅)အခြေခံပညာအထက်တန်းကျောင်းမှ မအိမြတ်နိုးဝင်း၊ မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မောင်ငြိမ်းချမ်းထွေး၊ ရန်ကုန်တိုင်း အင်းစိန်မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ မောင်ဟန်မင်းဇော်နှင့် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းမှ မောင်ထွန်းထွန်းတို့အား ဆုတံဆိပ်များနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းက ပြည်နယ်နှင့်တိုင်းအလိုက် ၂၀၀၅–၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးကျောင်းများဖြစ်ကြသည့် ကချင်ပြည်နယ် မိုးညှင်းမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကယားပြည်နယ် လွိုင်ကော်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၊ ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ချင်းပြည်နယ် မတူပီမြို့ ရေဇွာ အခြေခံပညာအထက်တန်းကျောင်း၊ စစ်ကိုင်းတိုင်း ရေဦးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ တနင်္သာရီတိုင်း မြိတ်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်း(အရှေ့) ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း၊ ပဲခူးတိုင်း(အနောက်) ပြည်မြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မကွေးတိုင်း ရေနံချောင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ မန္တလေးတိုင်း ချမ်းအေးသာစံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်း ကျောင်း၊ ဧရာဝတီတိုင်း ကျုံပျော်မြို့ အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ နေပြည်တော် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူလေးများက 'ပညာရည်ထူးချွန် လူရည်မွန်'သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြပြီး ဆုချီးမြှင့်ပွဲ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ မြန်မာနိုင်ငံ ပညာရေးကော်မတီဝင်များ၊ ဆုရ ကျောင်းသား ကျောင်းသူများနှင့် ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများသည် စုပေါင်း၍ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။ **(သတင်းစဉ်)**

## အာရှ အသက်(၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲ မြန်မာက ဂျော်ဒန်ကို အနိုင်ရရှိ

**ရန်ကုန် နိုဝင်ဘာ ၁၁**

၂၀၀၇ ခုနှစ် အာရှအသက်(၁၉)နှစ်အောက် အမျိုးသမီးခြေစစ်ဘောလုံးပြိုင်ပွဲကို ယနေ့ညနေ ဒေသစံတော်ချိန် ၄ နာရီခွဲတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ဆက်လက်ကျင်းပသည်။

### အနိုင်ရရှိ

(က)အုပ်စုပွဲစဉ်အဖြစ် မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် ဂျော်ဒန် အမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းက နှစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

မြန်မာအမျိုးသမီးလက်ရွေးစင်ဘောလုံးအသင်းအတွက် အနိုင်ဂိုးများကို ပထမပိုင်း၁၆မိနစ်တွင် သန္တာအေးက သွင်းယူပြီး ၃၉မိနစ်တွင် စုငြိမ်းအေးက ဒုတိယဂိုးကို သွင်းယူခဲ့သည်။

### ဆက်လက်ယှဉ်ပြိုင်

မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းသည် နိုဝင်ဘာ၁၃ရက်တွင် ထိုင်းအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ မြန်မာအမျိုးသမီး လက်ရွေးစင်ဘောလုံးအသင်းသည်(က)အုပ်စုတွင် နှစ်ပွဲကစား နှစ်ပွဲနိုင်ဖြင့် ခြောက်မှတ် ရရှိထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ကမ္ဘာတစ်လွှား အားကစား

## ဂျာမန်ဘွန်ဒက်စ်လီဂါပွဲစဉ်(၁၂)စတင်ကစား ထိပ်ဆုံးမှ ဝါဒါဘရီမင်တို့ ရှုံးပွဲကြုံတွေ့

**စုစည်းတင်ပြသူ မောင်မောင်မြင့်ဆွေ**

ဘာလင် နိုဝင်ဘာ ၁၁

**ဂျာမန်ဘွန်ဒက်စ်လီဂါဘောလုံးပြိုင်ပွဲ ပွဲစဉ်(၁၂)ကို နိုဝင်ဘာ၁၀ရက်က စတင်ကစားရာ ဝါဒါဘရီမင်နှင့်ဒေါ့မွန်တို့ပွဲတွင် ဒေါ့မွန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူခဲ့သဖြင့် ဝါဒါဘရီမင်တို့ အိမ်ကွင်း၌ ဒုတိယမြောက်ရှုံးပွဲ ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။**

ဘွန်ဒက်စ်လီဂါတန်းစီဇယားပထမနေရာကို စိုးမိုးထားသော ဝါဒါဘရီမင်ကို ဒေါ့မွန်တို့ ခြေစွမ်းပြပြီး သုံးဂိုးရအောင်သွင်းယူနိုင်ခဲ့သည်။ ဝါဒါဘရီမင်သည် ယခုပွဲ၌ ၅-၃-၂ ပုံစံဖြင့် ခင်းကျင်း ကစားခဲ့ပြီး ဒေါ့မွန်က ၂-၅-၃ ပုံစံဖြင့်ကစားခဲ့သည်။

### ဂိုးမသွင်းနိုင်

ဝါဒါဘရီမင် တိုက်စစ်မှူးများဖြစ်သော ဟန့်၊ ကလိုဆေးတို့လည်း ကွင်းလယ်မှ ဗီရန်ဂျက်စ်၊ ဒီဂို၊ ဖရင်းတို့၏ ဘောလုံးဖြန့်ဝေပေးမှုဖြင့် တိုက်စစ်ဆင်ကစားခဲ့သော်လည်း ဒေါ့မွန်ခံစစ်မှူးများ၏ ဟန့်တားမှုကြောင့် ဂိုးမသွင်းနိုင်ခဲ့ချေ။

### ဂိုးသွင်းယူ

ဒေါ့မွန်အတွက် အဖွင့်ဂိုးကို ပွဲချိန် ၇မိနစ်မှာပင် တိုက်စစ်မှူးအလက်ဇန္ဒားဖရီက သွင်းယူခဲ့ခြင်းဖြစ်ပြီး ဝါဒါဘရီမင်အတွက် ချေပဂိုးကို ပွဲချိန် ၂၉မိနစ်၌ ဝါဒါဘရီမင် တိုက်စစ်မှူး ကလိုဆေးက သွင်းယူပေးခဲ့ခြင်းဖြစ်သည်။

### အနိုင်ရရှိ

ဒုတိယပိုင်း ပွဲချိန်စတင်သည်နှင့် ဒေါ့မွန်တို့ ကစားအားတင်ခဲ့ရာ ပွဲချိန် ၅၃ မိနစ်၌ ဒေါ့မွန်ကွင်းလယ်ကစားသမား တင်ဂါက တစ်ဂိုးနှင့် ပွဲချိန် ၈၅ မိနစ်၌ ပယ်နယ်တီပြစ်ဒဏ်ဘောမှတစ်ဆင့် ကွင်းလယ်ကစားသမား ခရူစကာက ဂိုးသွင်းယူနိုင်ခဲ့သဖြင့် ဒေါ့မွန်တို့ သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ဝါဒါဘရီမင်သည် အိမ်ကွင်း၌ ဖိဖိစီးစီးကစားခဲ့ရာ ဂိုးသွင်းခွင့်၁၅ကြိမ်ရရှိခဲ့ပြီး ရှစ်ကြိမ်ခန့်သေချာပေါက်ဂိုးများ ကန်သွင်းခဲ့သော်လည်း ဒေါ့မွန် ဂိုးသမား ကာကွယ်နိုင်မှုနှင့် ကန်ချက် မသေချာမှုကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ ဝါဒါဘရီမင်သည် ယခုပွဲရှုံးခဲ့သော်လည်း ၁၂ ပွဲ ကစား၊ ခုနစ်ပွဲနိုင်၊ နှစ်ပွဲ သရေ၊ သုံးပွဲရှုံးဖြင့် တန်းစီဇယား ထိပ်ဆုံးတွင် ဦးဆောင်နေဆဲဖြစ်သည်။ ဒေါ့မွန်သည် ယခုပွဲအနိုင်ရရှိခဲ့သဖြင့် ၁၂ပွဲ ကစား၊ လေးပွဲနိုင်၊ ခြောက်ပွဲသရေ၊ နှစ်ပွဲရှုံးဖြင့် တန်းစီဇယား စတုတ္ထနေရာ၌ ရှိနေသည်။



**ဝါဒါဘရီမင်နှင့် ဒေါ့မွန်တို့ပွဲတွင် ဝါဒါဘရီမင်မှ ဒီဂို (ဝဲ) ထိုးဖောက်ကစားဟန်။** (ဓာတ်ပုံ-အင်တာနက်)

**(အင်တာနက်)**

## အင်္ဂလန်အသင်း ဟော်လန်နှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားမည့် အသက်( ၁၈ )နှစ်အရွယ် မန်စီးတီးနောက်ခံလူ ရစ်ချက်စ်ပါဝင်



**မန်ချက်စတာစီးတီးအသင်းမှ နောက်တန်းခံစစ်မှူး ရစ်ချက်စ်။** (ဓာတ်ပုံ-အင်တာနက်)

**လန်ဒန် နိုဝင်ဘာ ၁၁**

အင်္ဂလန်အသင်းသည် လာမည့် နိုဝင်ဘာ ၁၅ရက်၌ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ဟော်လန်အသင်းနှင့် ကစားမည်ဖြစ်ရာ ၎င်းပွဲ၌ပါဝင်ကစားမည့်လူစာရင်းတွင် မန်ချက်စတာစီးတီးမှနောက်တန်းခံစစ်မှူး ရစ်ချက်စ်အား ခေါ်ယူထည့်သွင်းလိုက်သည်။ရစ်ချက်စ်သည် အသက်(၁၈)နှစ်အရွယ်သာရှိနေသေးပြီးအင်္ဂလန်၂၁နှစ်အောက်ဘောလုံးအသင်းတွင်သုံးပွဲကစားထားပြီးသူ ဖြစ်သည်။ အင်္ဂလန်အသင်းတွင် ရစ်ချက်စ်၊ တော့တင်ဟမ် နောက်တန်းခံစစ်မှူး မိုက်ကယ် ဒေါ်ဆင်၊ ဝက်ဖို့ဒ်ဂိုးသမား ဘန်ဖိုစတာတို့ကိုလည်း ထည့်သွင်းထားသည်။

အင်္ဂလန်အသင်းတွင်ဂျိုကိုးလ်၊လီနွန်နှင့် အင်ဒရူးဂျွန်ဆင်တို့မှာ ဒဏ်ရာအသီးသီးရရှိထားကြသဖြင့် ယခုပွဲ၌ ပါဝင် ကစားနိုင်ခြင်း မရှိကြချေ။ ဟော်လန်အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲတွင် ကစားမည့် ဘောလုံးသမားအများစုမှာ ဆယ်ကျော်သက် လူငယ်ဘောလုံးသမား အများအပြား ပါဝင်လျက် ရှိသည်။

### မှတ်တမ်း

အင်္ဂလန်အသင်းနှင့် ဟော်လန်အသင်း သုံးကြိမ်ခန့် ချစ်ကြည်ရေးခြေစမ်းပွဲ ကစားခဲ့ရာ ၂၀၀၁ခုနှစ်က ဟော်လန်က အင်္ဂလန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့ပြီး ယူရို ၉၆တွင် ဟော်လန်အပေါ် အင်္ဂလန်က လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့ပြီး၂၀၀၅ခုနှစ်က ဂိုးမရှိ သရေပွဲဖြစ်ခဲ့သည့် မှတ်တမ်းရှိနေသည်။

### သူတို့ပါဝင်

အင်္ဂလန်အသင်းတွင် တိုက်စစ်မှူးများအဖြစ် ရွန်နေ၊ ပီတာခရော့ချ်၊ ဒီဖိုး၊ဒါရင်ဘင့်၊ အင်ဒရူးဂျွန်ဆင်တို့ ပါဝင်ပြီး ဟော်လန်ရှေ့တန်းတွင် ဗန်ပါစီ၊ အာဂျန်ရော်ဘင်၊ ဒတ်ကွတ်တို့ ပါဝင်ကစားကြမည်ဖြစ်သည်။

**(အင်တာနက်)**

## ချယ်လ်ဆီးတို့ အိမ်ကွင်း၌ ဝက်ဖို့ဒ်ကို ဂိုးပြတ်သွင်း မန်ယူအသင်း ဘလက်ဘန်းကိုနိုင်ပြီး ဆက်လက်ဦးဆောင်

**စုစည်းတင်ပြသူ မြင့်မောင်စိုး**

လန်ဒန် နိုဝင်ဘာ ၁၁

**ပရီမီယာလိဂ်ပွဲစဉ်(၁၂) ဘောလုံးပြိုင်ပွဲများကို နိုဝင်ဘာ ၁၁ရက် ညပိုင်းက ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ကြရာ လက်ရှိချန်ပီယံ ချယ်လ်ဆီးက ဝက်ဖို့ဒ်အသင်းကို အိမ်ကွင်း၌ လေးဂိုးပြတ်သွင်းကာ ထိုက်ထိုက်တန်တန် သုံးမှတ်ရယူနိုင်ခဲ့ သည်။**

ချယ်လ်ဆီးတို့ အိမ်ကွင်းအနေအထားရော ခြေစွမ်းအနေအထားပါ ဝက်ဖို့ဒ်အသင်းကို ခြေစွမ်းပြကစားသွားခဲ့ရာ ဒရော့ဘာက ဟက်ထရစ်ဂိုးသွင်းပေးပြီး ရှက်ဗ်ချက်ကို တတိယဂိုးသွင်းပေးနိုင်ခဲ့သည်။

ပွဲစပြီး ၂၇မိနစ်တွင် ဂါရီစီဖြတ်ပို့သော ဘောလုံးမှတစ်ဆင့် ဒရော့ဘာက အနီးကပ်ဂိုးကန်သွင်းနိုင်ခဲ့သည်။

အိုင်ဗရီကို့စ် တိုက်စစ်မှူး ဒရော့ဘာသည် ပွဲချိန် ၃၆မိနစ်တွင် ရှက်ဗ်ချင်ကိုနှင့် အတိုင်အဖောက်ကစားပြီး ဒုတိယမြောက် ဂိုးသွင်းယူခဲ့ပြန်သည်။

### တတိယမြောက်ဂိုး

ဒရော့ဘာနှင့်ရှက်ဗ်ချင်ကို အတွဲသည် အပေးအယူ၊ အဖြတ်အတောက်မှန်ကန်စွာဖြင့် ဝက်ဖို့ဒ်နောက်တန်းကို ဆက်လက်၍ ဂိုးသွင်းခွင့်များဖန်တီးခဲ့ရာ ဒုတိယပိုင်းပြန်စပြီး မကြာမီ ဒရော့ဘာဖြတ်ထိုးပေးလိုက်သော ဘောလုံးကို ရှက်ဗ်ချင်ကို ရင်ဘတ်နှင့် တိုက်ဆွဲပြေးပြီး အသာကန်သွင်းယူလိုက်ပြန်သည်။

### အလူးအလဲကာကွယ်

ယနေ့ပွဲတွင် ဒရော့ဘာနှင့် ရှက်ဗ်ချင်ကိုတို့ အချိတ်အဆက်မိမှုကြောင့် ဝက်ဖို့ဒ်နောက်တန်း ကစားသမားများ အလူးအလဲ ကာကွယ်ကစားသွားခဲ့ရသည်။

ဝက်ဖို့ဒ် တိုက်စစ်မှူးများက ရံဖန်ရံခါ ချယ်လ်ဆီး နောက်တန်းကို ထိုးဖောက်ရန် ကြိုးစားခဲ့သည်။ သို့သော်လည်း ဂိုးပေါက်တည့် ကန်သွင်းခွင့် အလွန်နည်းပါးခဲ့၍ ချေပဂိုးတစ်ဂိုးမျှ ပြန်မသွင်းနိုင်ဘဲ ဖြစ်ခဲ့ရသည်။

### ခြေစွမ်းပြကစား

အထူးသဖြင့် ချယ်လ်ဆီး တိုက်စစ်မှူး ဒရော့ဘာသည် ခြေစွမ်းပြကစားခဲ့ရာ ပွဲချိန် ၆၉မိနစ်တွင် ဂျယ်ရီမီညာတောင်ပံမှ ဖြတ်တင်ပေးခဲ့သော ဘောလုံးကို ပြေးဝင်ပိတ်သွင်းယူပေးခဲ့ပြန်သည်။

ယခုနှစ် ရာသီတွင် ဒရော့ဘာသည် ချယ်လ်ဆီးအသင်းအတွက် စုစုပေါင်း ၁၄ဂိုး သွင်းပေးထားခဲ့သည်။ ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းသူဖြစ်လာသည်။ ယခုပွဲတွင် ဒရော့ဘာ ဟက်ထရစ် ဂိုးမသွင်းမီက ပို့စ်မောက်မှ ကနူးသည် ပရီမီယာလိဂ်တွင် ဂိုးအများဆုံးသွင်းထားနိုင်ခဲ့သူဖြစ်သည်။ ယခု ပရီမီယာလိဂ်တွင် ဒရော့ဘာမှာ ဂိုးအများဆုံး သွင်းသူဖြစ်လာခဲ့ပြီဖြစ်သည်။



**ချယ်လ်ဆီး ရှေ့တန်းတွင် အတွဲညီ အချိတ်အဆက်မိလာသော ရှက်ဗ်ချင်ကိုနှင့် ဒရော့ဘာ။** (ဓာတ်ပုံ-အင်တာနက်)

ထိုသို့ ချယ်လ်ဆီးက ဝက်ဖို့ဒ်ကို ဂိုးများများသွင်းနိုင်ခဲ့မှုကြောင့် အမှတ်ပေး တန်းစီဇယားတွင် ထိပ်ဆုံးမှ ဦးဆောင်နေသော မန်ချက်စတာယူနိုက်တက်အသင်းနှင့် ဂိုးကွာခြားချက် ကျဉ်းမြောင်းသွားစေခဲ့သည်။

### ဒုတိယနေရာ

ချယ်လ်ဆီးအသင်းသည် ၁၂ပွဲ ကစားပြီးချိန်တွင် ကိုးပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးပြီး ၂၈မှတ်ဖြင့် အမှတ်ပေးဇယား ဒုတိယနေရာမှ လိုက်နေသည်။

အစောပိုင်းက မန်စီးတီး အသင်းနှင့် နယူးကာဆယ်တို့ အကြိတ်အနယ်ကစားခဲ့သော်လည်း တစ်ဖက်နှင့်တစ်ဖက် ဂိုးမသွင်းနိုင်ဘဲ ဂိုးမရှိဖြင့် ပွဲပြီးသွားခဲ့သည်။

### အခြားပွဲရလဒ်များ

| | | |
|---|---|---|
| **ပို့စ်မောက်** | ၁-၁ | **ဖူလ်ဟမ်** |
| **အဲဗာတန်** | ၀-၁ | **အက်စ်တွန်ဗီလာ** |
| **ရှက်ဖီး** | ၂-၂ | **ဘော်လ်တန်** |
| **ဝီဂန်** | ၃-၂ | **ချာလ်တန်** |
| **မစ်ဒယ်ဘရော့** | ၁-၀ | **ဝက်စ်ဟမ်း** |
| **မန်ယူ** | ၁-၀ | **ဘလက်ဘန်း။** |

**(အင်တာနက်)**



**ထိုးဖောက်**

**မန်စီးတီးမှ ဗက်ဆဲလ်** (ဝဲ) **က နယူးကာဆယ် မှ အမ်မရီ ၏ ထိုးဖောက်မှုကို ဤသို့ ဟန့်တားခဲ့သည်။** (ဓာတ်ပုံ-အင်တာနက်)

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး( ၂၀၀၆ ) ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အလှူငွေများပေးအပ်လှူဒါန်း



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦးထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၁၁

**ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အား ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အလှူငွေများပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၆ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် (ရေဆင်း)ရှိ ဘွဲ့နှင်းသဘင်ခန်းမဥ္စကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအောင်သောင်း၊ ဦးတင်ထွတ်နှင့် ဦးသိန်းဇော်၊ ဗဟို အလုပ်အမှုဆောင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။**

## ပဏာမပြောကြား

ရှေးဦးစွာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး ဦးဌေးဦးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည် သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆)အား ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ပဏာမပြောကြားသည်။

## ပေးအပ်လှူဒါန်း

ယင်းနောက် အလှူငွေများကို ပေးအပ်လှူဒါန်းကြရာ အလှူရှင် ၂၁၃ ဦးတို့က စုစုပေါင်းငွေကျပ် ၅၆၆ သိန်း နှစ်သောင်းငါးထောင်ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး ဦးဌေးဦး၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဦးအောင်သောင်း၊ ဦးတင်ထွတ်နှင့် ဦးသိန်းဇော်၊ ဗဟိုအလုပ်အမှုဆောင်များဖြစ်ကြသည့် ဦးအုန်းမြင့်၊ သူရဦးအေးမြင့်၊ ဦးမောင်မောင်သိမ်း၊ ဦးသိန်းဆွေ၊ ဦးသိန်းအောင်၊ ဦးတင်နိုင်သိန်း၊ ဒေါက်တာ ချမ်းငြိမ်းနှင့် ဦးခင်မောင်မြင့်တို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းက အလှူငွေပေးအပ်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်သောင်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်ထွတ်ထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးသိန်းဇော်ထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးခင်မောင်မြင့်ထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးသိန်းဆွေထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)



ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဦးတင်နိုင်သိန်းထံ အလှူရှင်တစ်ဦးက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား

**၁၃၆၈ ခုနှစ်**
**တန်ဆောင်မုန်းလပြည့်ကျော် ၈ ရက်**
**( ဥပုသ်နေ့ )**
**၁၂-၁၁-၂၀၀၆ရက်**
**(တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်း ဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
- ၈:၀၅ ၆။ အတီးပြိုင်ပွဲ
- ၈:၁၅ ၇။ ဗိုလ်မြတ်ထွန်းတံတား
- ၈:၂၅ ၈။ အရေးပြိုင်ပွဲ
- ၈:၃၀ ၉။ International News
- ၈:၄၅ ၁၀။ Say it in English
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ တေးဂီတအစီအစဉ်
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
- ၁၁:၃၅ ၄။ Yan Can Cook
- ၁၁:၅၀ ၅။ မြန်မာရုပ်ရှင် **"ဗန်တိုလူလေးနှင့် သူဇာ"** ညွှန့်ဝင်း၊ ဒေစီကျော်ဝင်း (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
- ၁၃:၄၀ ၆။ တေးဂီတအစီအစဉ်
- ၁၃:၅၅ ၇။ မြေခဲတောင်ရေလှောင်တမံ
- ၁၄:၀၀ ၈။ အကပြိုင်ပွဲ
- ၁၄:၁၀ ၉။ **"ပြေးပြေးလွှားလွှား သွားသွားလာလာ"** မောင်မောင်မြင့်၊ မောင်မောင် မျိုးသန့်၊ မအေးမြင့်၊ စိန်ဂွက်ထော် (ဒါရိုက်တာ-မောင်မောင်မြင့်)
- ၁၄:၂၀ ၁၀။ အတီးပြိုင်ပွဲ
- ၁၄:၃၀ ၁၁။ ဆက်သွယ်ဆင့်ပွား အိပ်မက်တံတား
- ၁၄:၄၅ ၁၂။ International News

**ညပိုင်း**

- ၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ English for Everyday Use
- ၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ် (ရူပဗေဒ၊ ဓာတုဗေဒ၊ သင်္ချာအထူးပြုများ) [ရူပဗေဒ]
- ၁၇:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၁၇:၁၅ ၆။ **"ညော်မယ်ဖို့"** ခန့်စည်သူ၊ ငှက်ပျောကြော်၊ မိုးပြည့်ပြည့်မောင် တက္ကသိုလ်ဂွမ်းပုံ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၁၇:၂၅ ၇။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၈။ ညနေခင်းသတင်း
- ၁၈:၃၀ ၉။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၀။ သီရိဂေဟာ
- ၁၉:၀၀ ၁၁။ Discovery
- ၁၉:၁၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"ဟောမန်ဆောင်းရဲ့ နေ့ရက်များ"** (အပိုင်း-၂၄)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ နိုင်ငံခြားဇာတ်လမ်းတွဲ **"မေတ္တာပန်းတိုင်"** (အပိုင်း-၃၆)
- ၁၇။ မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာ ဘာဝနာပွားများခြင်းတရားတော်

## ရန်ကုန်-မန္တလေး ဈေးသဘော်ထွက်ခွာမည်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ကုန်ပို့ဆောင်ရေးဌာနခွဲ၏ ရန်ကုန်-မန္တလေး ဈေးသဘော် ခေါက်ရေ(၃) မြစ်ရော ရေယာဉ်သည် နိုဝင်ဘာ ၁၈ ရက် (စနေနေ့)တွင် ရန်ကုန်မြို့ ဗိုလ်တထောင် အမှတ်(၆)တံတားမှ မန္တလေးမြို့သို့ ထွက်ခွာမည်ဖြစ်သည်။

### ဆက်သွယ်ဆောင်ရွက်နိုင်

သို့အတွက် ကုန်တင်ဆောင်ရောင်းချလိုသူများသည် ကုန်ပို့ဆောင်ရေး ဌာနခွဲ ဗိုလ်တထောင်ဈေးလမ်းသို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း- ၂၉၂၁၉၉၊ ၂၉၂၃၁၉တို့သို့လည်းကောင်း ဆက်သွယ်ဆောင်ရွက်နိုင်ပြီး နယ်မြို့များမှ တင်ဆောင်လိုပါက မအူပင်၊ ဓနုဖြူ၊ ဟင်္သာတ၊ မြန်အောင်၊ ကြံခင်း၊ ပြည်၊ သရက်၊ အောင်လံ၊ မကွေးမြို့များတွင် ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး မြို့နယ် မန်နေဂျာရုံးများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဂုဏ်ပြုအထိမ်းအမှတ်အဖြစ်လှူဒါန်းသော အလှူရှင်များ အမည်စာရင်း

| စဉ် | အလှူရှင်အမည် | ကုမ္ပဏီအမည် | လှူဒါန်းငွေ |
|---|---|---|---|
| ၁။ | ဦးဇော်ဘိုခန့် | မြန်မာတကောင်းကုမ္ပဏီ | ငါးသိန်း |
| ၂။ | ဦးသိန်းနိုင် | တောက်ပသောကြယ်အလင်းကုမ္ပဏီ | ငါးသိန်း |
| ၃။ | ဦးသန်းလွင် | ထွန်းနိုင်အောင်ကုမ္ပဏီ | ငါးသိန်း |
| ၄။ | ဦးအိုက်ခမ်း | အောင်ဟိန်းမင်းကုမ္ပဏီ | ငါးသိန်း |
| ၅။ | ဦးတင်မိုး | စူပါစိမ်းကုမ္ပဏီ | ငါးသိန်း |
| ၆။ | ဦးမြင့်လွင် | အရှေ့တိုင်းပုလဲကုမ္ပဏီလီမိတက် | နှစ်သိန်း |
| ၇။ | ဦးမောင်တိုး | မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း | နှစ်သိန်း |
| ၈။ | မစ္စတာ ရာမရှိုတာ | မြန်မာတာဆာကီကုမ္ပဏီလီမိတက် | တစ်သိန်း |
| ၉။ | | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ၁၄သိန်း |
| ၁၀။ | Dr.စိုင်းစံထွန်း | လွယ်ဟိန်း | သုံးသိန်း |
| ၁၁။ | ဦးအောင်မြတ် | Mother Trading | သုံးသိန်း |
| ၁၂။ | ဦးဝင်းလွင် | ကျော်သာ ကုမ္ပဏီ | သုံးသိန်း |
| ၁၃။ | ဦးဇော်ဝင်း | အာရုဏ်ဦးဆောက်လုပ်ရေး | သုံးသိန်း |
| ၁၄။ | ဦးဝင်းအောင် | AHK | နှစ်သိန်း |
| ၁၅။ | ဒေါက်တာကိုကိုကြီး | Diamond Star | နှစ်သိန်း |
| ၁၆။ | ဒေါက်တာ အောင်ကျော်ဝင်း | ရွှေနန်းတော် | သုံးသိန်း |
| ၁၇။ | ဦးထင်အောင်ကျော် | Golden Cougar Co.,Ltd. | သုံးသိန်း |
| ၁၈။ | ဦးကျော်အေး | AAA | သုံးသိန်း |
| ၁၉။ | ဦးသိန်းဟန် | ဆီကုန်သည်များအသင်း | ငါးသိန်း |
| ၂၀။ | ဦးဇော်မင်း | နဝရတ်သကြားစက် | သုံးသိန်း |
| ၂၁။ | ဦးမောင်မောင် | U Mg Mg & Associate | သုံးသိန်း |
| ၂၂။ | ဦးဘိုဆိုင်၊ ဒေါ်သန်းသန်းအေး | တက်နေ | နှစ်သိန်း |
| ၂၃။ | ဦးခင်မောင်လွင် | ဘရဏီ | သုံးသိန်း |
| ၂၄။ | ဦးလှမိုး | ရတနာမိုး | နှစ်သိန်း |
| ၂၅။ | ဦးထက်ညီ | မြန်မာဘက်စတင် | သုံးသိန်း |
| ၂၆။ | ဦးထွန်းနိုင် | Pacific | နှစ်သိန်း |
| ၂၇။ | ဒေါ်ရီရီဝင်း | ရွှေပဒုမ္မာ | နှစ်သိန်း |
| ၂၈။ | ဦးသက်လွင် | နေခြည်ထွန်း | နှစ်သိန်း |
| ၂၉။ | ဦးအောင်မိုးကျော် | International Beverages Trading Co. | နှစ်သိန်း |
| ၃၀။ | ဦးအောင်မိုးကျော် | Universal Consumer Goods Co.,Ltd. | နှစ်သိန်း |
| ၃၁။ | ဦးမြဟန် | မာရှမ်း | သုံးသိန်း |
| ၃၂။ | ဒေါ်ညွန့်ညွန့်အောင် | မာရှမ်း | နှစ်သိန်း |
| ၃၃။ | ဦးမောင်မောင်လေး | Myanmar Supply | သုံးသိန်း |
| ၃၄။ | ဦးအိုက်ရီ | ရတနာသိင်္ဂီ | သုံးသိန်း |
| ၃၅။ | ဦးစိုင်းအောင်ကျော် | အောင်ဘုရားသား | နှစ်သိန်း |
| ၃၆။ | ဦးမောင်မောင်ဌေး | ထူးမော် | သုံးသိန်း |
| ၃၇။ | ဦးမြတ်သင်းအောင် | မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်ငန်းရှင်များ အသင်း | နှစ်သိန်း |
| ၃၈။ | ဦးတီးတီး | Yangon Crown Wire & Cable Co. | နှစ်သိန်း |
| ၃၉။ | ဦးသိန်းအောင် | A1 ဆောက်လုပ်ရေး | နှစ်သိန်း |
| ၄၀။ | ဦးကျော်သက်လှိုင် | KT ဆောက်လုပ်ရေး | နှစ်သိန်း |
| ၄၁။ | ဦးအောင်ကြီး | Silk Road | သုံးသိန်း |
| ၄၂။ | ဦးရဲဝင်း | နဝရတ် | နှစ်သိန်း |
| ၄၃။ | ဦးချစ်ခိုင် | ဧဒင် Group | သုံးသိန်း |
| ၄၄။ | ဦးဝင်းကျော် | T & C Trade | သုံးသိန်း |
| ၄၅။ | ဒေါက်တာမောင်မောင်လေး | မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းများအသင်း | နှစ်သိန်း |
| ၄၆။ | ဦးထွန်းအောင် | ပဲနှမ်းကုန်သည်များအသင်း | နှစ်သိန်း |
| ၄၇။ | ဦးအောင်သန်းဦး | ဆန်ကုန်သည်များအသင်း | သုံးသိန်း |
| ၄၈။ | ဦးကျော်မြင့် | Ve Ve | သုံးသိန်း |
| ၄၉။ | ဦးကြည်လွင် | Max | နှစ်သိန်း |
| ၅၀။ | ဦးအောင်မင်း | First Top | သုံးသိန်း |
| ၅၁။ | ဦးဝင်းမြင့် | ကုန်သည်ကြီးများအသင်း | သုံးသိန်း |
| ၅၂။ | ဦးကျော်ဟိန်း | ချမ်းဟိန်းဆောက်လုပ်ရေး | နှစ်သိန်း |
| ၅၃။ | ဦးဇော်ဇော် | Max Myanmar | သုံးသိန်း |
| ၅၄။ | ဦးအောင်ရွှေ | တိုင်လီ | သုံးသိန်း |
| ၅၅။ | ဦးမျိုးဦး | ဦးကြူ ဂျုံစက် | နှစ်သိန်း |
| ၅၆။ | ဦးမောင်အေး | လဝန်းအေး | တစ်သိန်း |
| ၅၇။ | ဒေါ်ခင်ခင်ရီ | တောင်ဒဂုံ | နှစ်သိန်း |
| ၅၈။ | ဦးတင့်ဆန်း(ဥက္ကဋ္ဌ) | ACE | ငါးသိန်း |
| ၅၉။ | ဦးမြတ်စံ(မန်နေဂျာ) | Max Myanmar | ငါးသိန်း |
| ၆၀။ | ဦးမြတ်ခိုင်(စီမံကိန်းမန်နေဂျာ) | A1 | ငါးသိန်း |
| ၆၁။ | ဦးစောထွန်းသိန်းညွန့် (ဒါရိုက်တာ) | Diamond Mercury | သုံးသိန်း |
| ၆၂။ | ဦးထွန်းဝင်းညွန့်(မန်နေဂျာ) | မိုးကြယ်စင် | သုံးသိန်း |
| ၆၃။ | ဦးကျော်ညွန့် (စီမံကိန်းမန်နေဂျာ) | နောင်တုံ | သုံးသိန်း |
| ၆၄။ | ဦးဇော်လေး(MD) | Fishery 2000 | နှစ်သိန်း |
| ၆၅။ | ဒေါက်တာအောင်လွင်(MD) | ပြည့်ဖြိုးထွန်း | နှစ်သိန်း |
| ၆၆။ | ဦးခင်မောင်ကျော် | United KMK | နှစ်သိန်း |
| ၆၇။ | | အဏ္ဏဝါသြောင်တန်း | နှစ်သိန်း |
| ၆၈။ | ဦးခင်စိုး | အဏ္ဏဝါလှိုင်း | နှစ်သိန်း |
| ၆၉။ | ဦးညိုမင်း | မင်းဇာနည် | နှစ်သိန်း |
| ၇၀။ | ဦးဇော်ဝိတ်(MD) | FISCA | ၁၀သိန်း |
| ၇၁။ | ဦးမောင်မောင်လေး(MD) | ZTE | ၂၀သိန်း |
| ၇၂။ | | ASD | ၂၀သိန်း |
| ၇၃။ | ဒေါက်တာနိုင်ဝင်း ဒေါက်တာရဲမြင့်စိုး | ကျော်ဇေယျ | ငါးသိန်း |
| ၇၄။ | ဒေါ်အေးယုလင်း | Maxnet Co. | ၁၀သိန်း |
| ၇၅။ | ဒေါက်တာရဲမြင့်အောင် | ဘုရင့်နောင်ဆေးကုခန်း၊ ဆေးနှင့်ဆေးပစ္စည်းရောင်း ဝယ်ရေး၊ နေပြည်တော် | ငါးသိန်း |
| ၇၆။ | ဦးဇော်ဝင်းရှိ | Bright Time Co.,Ltd. | နှစ်သိန်း |
| ၇၇။ | ဦးမျိုးမင်းထွန်း | သူရိယသမဝါယမအသင်း | နှစ်သိန်း |
| ၇၈။ | | ရွှေသံလွင်ကုမ္ပဏီလီမိတက် | နှစ်သိန်း |
| ၇၉။ | | Suntac Co.,Ltd. | သုံးသိန်း |
| ၈၀။ | | သီဟသူရကုမ္ပဏီ | နှစ်သိန်း |
| ၈၁။ | | အောင်ပြည်တန် | နှစ်သိန်း |
| ၈၂။ | | မြန်မာရွှေသရဖူ | သုံးသိန်း |
| ၈၃။ | | K&L Co. | နှစ်သိန်း |
| ၈၄။ | | R.O.B Co. | နှစ်သိန်း |
| ၈၅။ | | တော်ဝင်အောင် | နှစ်သိန်း |
| ၈၆။ | | တော်ဝင်ကြယ် | နှစ်သိန်း |
| ၈၇။ | | စွမ်းအား | နှစ်သိန်း |
| ၈၈။ | | အောင်ကျော်မြင့် | နှစ်သိန်း |
| ၈၉။ | | ထွန်းဇော | နှစ်သိန်း |
| ၉၀။ | | Mega Star Co. | နှစ်သိန်း |
| ၉၁။ | | ကေတုမတီ | နှစ်သိန်း |
| ၉၂။ | | မင်းအနော်ရထာ | နှစ်သိန်း |
| ၉၃။ | | ကုဋေကျော် | နှစ်သိန်း |
| ၉၄။ | | ဟိန်းထက် | နှစ်သိန်း |
| ၉၅။ | | ကိုနေလင်းအောင် | နှစ်သိန်း |
| ၉၆။ | | Dynasty International Co. | နှစ်သိန်း |
| ၉၇။ | | First Land Co. | နှစ်သိန်း |
| ၉၈။ | | Grand Seal Co. | နှစ်သိန်း |
| ၉၉။ | | မြင့်ရှန်ဟိန်း | နှစ်သိန်း |
| ၁၀၀။ | | H.A.K Co. | တစ်သိန်း |
| ၁၀၁။ | | M.T.T Co. | နှစ်သိန်း |
| ၁၀၂။ | | မဟာဗန္ဓုလ | နှစ်သိန်း |
| ၁၀၃။ | | မြန်မာကိုင်ဒို | နှစ်သိန်း |
| ၁၀၄။ | | Asia Metal Co. | သုံးသိန်း |
| ၁၀၅။ | | မြန်မာစီဖန်း | သုံးသိန်း |
| ၁၀၆။ | | AMC Co., Ltd. | သုံးသိန်း |
| ၁၀၇။ | | စူပါရောင်းဝယ်ရေး | နှစ်သိန်း |
| ၁၀၈။ | | သိန်းအင်တာပရိုက် | တစ်သိန်းငါးသောင်း |
| ၁၀၉။ | | ကျော်မိသားစု | တစ်သိန်း |
| ၁၁၀။ | | KKW Co., Ltd. | တစ်သိန်း |
| ၁၁၁။ | | ရွှေသံလွင် | တစ်သိန်း |
| ၁၁၂။ | | ဟူနန်ဝမ်တုံး | တစ်သိန်းငါးသောင်း |
| ၁၁၃။ | | လေမင်း | တစ်သိန်း |
| ၁၁၄။ | ဒေါ်ယုန် | ဒေါ်ယုန် | နှစ်သိန်း |
| ၁၁၅။ | ဦးလှဝင်း | ဒေါ်ကြင်မြ သကြားရောင်းဝယ်ရေး | နှစ်သိန်း |
| ၁၁၆။ | ဦးစိန်ထွန်း | ရွှေရည်ဝင်း သကြားရောင်းဝယ်ရေး | တစ်သိန်း |
| ၁၁၇။ | ဦးအာယု | သီရိဇေယျ သကြားစက် | တစ်သိန်း |
| ၁၁၈။ | ဦးတင်ကိုကို | ကျော် သကြားလုပ်ငန်း | တစ်သိန်း |
| ၁၁၉။ | ဒေါ်ခင်ဌေး | More သကြားရောင်းဝယ်ရေး | နှစ်သိန်း |
| ၁၂၀။ | ဦးအောင်သိန်းလှိုင် | နဝရတ် သကြားစက် | တစ်သိန်း |
| ၁၂၁။ | ဦးဇော်သိန်း | ပွင့်ဖြူ သကြားရောင်းဝယ်ရေး | တစ်သိန်း |
| ၁၂၂။ | ဦးဇော်လှ | ဇော်ဇော်နိုင် သကြားရောင်းဝယ်ရေး | တစ်သိန်း |
| ၁၂၃။ | ဦးဇော်လင်း | ကသစ်ပန်း သကြားရောင်းဝယ်ရေး | တစ်သိန်း |
| ၁၂၄။ | ဦးဖေသိန်း | UPT | နှစ်သိန်း |
| ၁၂၅။ | ဦးသန်းထိုက် | ဦးသန်းထိုက်မိသားစု | တစ်သိန်း |
| ၁၂၆။ | ဦးစိုးရင် | Multi Trading | ငါးသောင်း |
| ၁၂၇။ | ဦးအေးမောင် | Zgwe Zin Yaw | တစ်သိန်း |
| ၁၂၈။ | ဦးအေးအောင် | Aung & Khine | ငါးသောင်း |
| ၁၂၉။ | ဦးစန်းအောင် | Waing Htike | ငါးသောင်း |
| ၁၃၀။ | ဦးထွန်းလင်းအောင် | Yangon Transformer | နှစ်သိန်း |
| ၁၃၁။ | ဦးသိန်းဟန် | Tokyo Pipe | ငါးသောင်း |
| ၁၃၂။ | ဦးခင်လှ | Aung Yadanar Phyo | တစ်သိန်း |
| ၁၃၃။ | ဦးဇေယျသူရမွန် | Gunkul | တစ်သိန်း |
| ၁၃၄။ | ဦးစိုးတင့် | Soe Electric | တစ်သိန်း |
| ၁၃၅။ | ဦးကျော်ဌေးအောင် | First Land | နှစ်သောင်း |
| ၁၃၆။ | ဦးသန့်ဇင်ရွှေ | Kappa | ငါးထောင် |
| ၁၃၇။ | | Suntac Technologies | ခုနစ်သိန်း |
| ၁၃၈။ | | မာလာမြိုင် | နှစ်သိန်း |
| ၁၃၉။ | | မြန်မာ့သြဘာလုပ်ငန်းစု | ၁၀သိန်း |
| ၁၄၀။ | | ကိုင်ရှိခေတ်မီအပ်ချုပ်ဆိုင် | သုံးသိန်း |

*(ဆက်လက်ဖော်ပြပါမည်)*



## သထုံမြို့၌ ခေမာနုဝရတ်ဗိမာန်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်း

သထုံ အောက်တိုဘာ ၂၉

သထုံမြို့ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်ကြီး၏ နှစ်စဉ်ကျင်းပမြဲဖြစ်သော စုပေါင်းမဟာဘုံကထိန်နှင့် ခေမာနုဝရတ်ဗိမာန် သုံးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို အောက်တိုဘာ ၂၂ရက်က အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပသည်။

### ဖဲကြိုးဖြတ်

အခမ်းအနားတွင် ခေမာနုဝရတ်ဗိမာန် သုံးထပ်ကျောင်းဆောင်သစ်ကို ပဓာနနာယကဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရနှင့် အလှူရှင်နှစ်ဦးတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် စုပေါင်းမဟာဘုံကထိန်လှူဒါန်းပွဲနှင့် သုံးထပ်ကျောင်းဆောင်သစ် ရေစက်ချလှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ပုဗ္ဗာရုံပရိယတ္တိစာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တခေမာစာရဆရာတော်က သာဓုအနုမောဒနာတရားဟောကြားပြီး ရေစက်သွန်းချ အမျှပေးဝေသည်။

### လှူဒါန်း

အဆိုပါလှူဒါန်းပွဲတွင် သင်္ကန်းဒွိစုံ ၁၃၀၊ ငွေပဒေသာပင် ၂၁၀နှင့် ပဒေသာပင်ကြီးငါးခု တန်ဖိုးငွေကျပ်သိန်း ၇၀ခန့်ကို လှူဒါန်းကြသည်။ **(ခရိုင် ပြန်/ဆက်)**

## အိမ်တွင်းမှု ထူးချွန်လက်ရာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ တောင်ကြီး၌ကျင်းပ

တောင်ကြီး နိုဝင်ဘာ ၂

ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် ရှမ်းပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် ၂၀၀၆ ခုနှစ် ပထမအကြိမ် အိမ်တွင်းမှုထူးချွန် လက်ရာပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီက တောင်ကြီးမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း မြသီရိခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အခြေခံချုပ်ရိုးစုံလင်မှုဆု၊ ဒီဇိုင်းနှင့် အရောင်လှပမှုဆု၊ သန့်ရှင်းလှပသပ်ရပ်ဆုများ ရရှိကြသည့် မသက်ပြည့်စုံဦး (အထက–၄)၊ မသဲနုစန္ဒီ(အထက–၄)၊ မမိုးသင်္ချေ(အထက–၄)၊ မစန်းစန်းအောင်(အထက–ရွှေညောင်)၊ မအေးမြတ်မော်(အထက–၁) နှင့် ထူးချွန်ဆုရသူများကို ပြည်နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဆုများပေးအပ်ချီးမြှင့်ကြပြီး အိမ်တွင်းမှု ထူးချွန်ပထမဆုရ အထက(၄)တောင်ကြီး၊ ဒုတိယဆုရ အထက ရွှေညောင်၊ တတိယဆုရ အထက(၁) တောင်ကြီးတို့အား ရှမ်းပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်သင်းမျိုးမျိုးအောင်က ဒိုင်းဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယကနှင့် အဖွဲ့ဝင်များက ပြိုင်ပွဲဝင်ကျောင်းသူလေးများ၏ လက်ရာများကို လှည့်လည်ကြည့်ရှုကြသည်။ **(အောက်ပုံ)** အဆိုပါ အိမ်တွင်းမှုထူးချွန် လက်ရာပြိုင်ပွဲသို့ အခြေခံပညာ အထက်တန်း၊ အလယ်တန်းကျောင်း ၁၆ ကျောင်းမှ ကျောင်းသူ ၈၂ ဦး ပါဝင်ယှဉ်ပြိုင်ကြသည်။ **(ပြည်နယ်အမျိုးသမီးရေးရာ)**





## တံတားပြုပြင်

**ကျိုင်းတုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ပန်ကုလားကျေးရွာသွားလမ်း တံတားပြုပြင်နိုင်ရေးအတွက် အောက်တိုဘာ ၁၉ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးခင်ကျော်နှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးထွေးအောင်တို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။** (မြို့နယ် စည်ပင်)

**ရခိုင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းဝင်းနှင့်အဖွဲ့ အမ်းမြို့သစ်ရပ်ကွက်များ ရေပေးရေးအတွက် ပိုက်လိုင်းများ သွယ်တန်းနေမှုကို အောက်တိုဘာ ၁ရက်ကစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးရဲမွန်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးညီညီဆွေတို့က ရှင်းလင်းတင်ပြစဉ်။** (မြို့နယ် စည်ပင်)

## မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာပညာပေး အကောင်အထည်ဖော်ဆောင်ရွက်ရေး ဆွေးနွေး

ပင်းတယ အောက်တိုဘာ ၂၅

**ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ ကျန်းမာရေးပညာပေးလုပ်ငန်းများတွင် ပြည်သူလူထုကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်း ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၉ရက် နံနက် ၉ နာရီက မြို့နယ်ပြည်သူ့ဆေးရုံခန်းမ၌ ကျင်းပသည်။**

### ပြောကြား

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိုးက အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန ဗဟိုကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာဒေါ်ခင်သန်းဦးက ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန် ဖွင့်လှစ်သွားမည့် အခြေအနေနှင့် ပတ်သက်၍ လည်းကောင်း၊ ကုလသမဂ္ဂလူမှုရေးရန်ပုံငွေအဖွဲ့ လက်ထောက်ဌာနေကိုယ်စားလှယ် ဒေါက်တာ ဒေါ်ခင်မမအေးက ရန်ပုံငွေထောက်ပံ့ခြင်းနှင့် ပတ်သက်၍လည်းကောင်း၊ မြို့နယ်ဆရာဝန် ဒေါက်တာ ဒေါ်ခင်ဝင်းရီက မြို့နယ်အတွင်း ဆေးကုသမှု အခြေအနေနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

### ဆွေးနွေး

အဆိုပါဆွေးနွေးပွဲတွင် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ စေတနာ့ဝန်ထမ်းများ ရွေးချယ်၍ ကျေးရွာများ၌ ကျန်းမာရေးဝန်ထမ်းများက သင်တန်းများ ဆက်လက်ပို့ချရေးနှင့် ပင်းတယမြို့နယ် ပန်းစစ်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲ လက်အောက်ရှိ မိုင်းအင်ကျေးရွာ ကျန်းမာရေးဌာနခွဲတွင် ကျန်းမာရေးဖွံ့ဖြိုးမှုဆိုင်ရာ လူငယ့်ရိပ်မွန်တစ်ခုကို ကျေးလက်ကျန်းမာရေးဌာနခွဲ၌ ဖွင့်လှစ်ရေးဆွေးနွေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

## အထူးကုဆရာဝန်များ အခမဲ့ဆေးဝါးကုသ အုတ်တွင်း၌ ကျန်းမာရေးပညာပေးဟောပြော

အုတ်တွင်း နိုဝင်ဘာ ၃

တောင်ငူမြို့ အထွေထွေရောဂါကု ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများ ကွင်းဆင်းဆေးကုသခြင်းနှင့် ကျန်းမာရေးပညာပေးဟောပြောပွဲအခမ်းအနားကို အောက်တိုဘာ ၃၀ ရက်နံနက်ပိုင်းက အုတ်တွင်းမြို့နယ် ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ အုတ်တွင်းမြို့နယ်ဥက္ကဋ္ဌ ဒုတိယရဲမှူးသက်လွင်နှင့် မြို့နယ်ဆရာဝန် ဒေါက်တာဝင်းထိန်တို့က အဖွင့်အမှာစကားပြောကြားကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ကွင်းဆင်းဆေးဝါးကုသခြင်းအတွက် ထောက်ပံ့လှူဒါန်းငွေကျပ်တစ်သိန်းကို မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်အုံးမြင့်က တောင်ငူဆေးရုံအုပ်ကြီး ဒေါက်တာရစ်ချဒ်ဘိုနီသို့ ပေးအပ်လှူဒါန်းပြီး **(အောက်ပုံ)** အထူးကု ဆရာဝန်ကြီး ဒေါက်တာဥမ္မာနွယ်၊ မြို့နယ်ဆရာဝန် ဒေါက်တာဝင်းထိန်၊ အေအိုင်ဒီအက်စ်ရောဂါ တိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဆရာဝန်ဒေါက်တာအောင်လင်းအေးတို့က တီဘီရောဂါ၊ ဝမ်းရောဂါနှင့် ကာလသား ရောဂါအကြောင်း သိကောင်းစရာများ ဟောပြောကြသည်။

ထို့နောက် အထူးကုဆရာဝန်ကြီးများဦးဆောင်သော ဆေးဝါးကုသရေးအဖွဲ့ ၁၃ ဖွဲ့က လူနာပေါင်း ၇၀၈ ဦးတို့အား အခမဲ့ဆေးဝါးကုသပေးကြသည်။ **(၁၁၆)**





## မြန်မာ့အသံ နားဆင်စရာ

၁၃၆၈ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၉ ရက်
၁၃–၁၁–၂၀၀၆ (တနင်္လာနေ့)

### နံနက်ပိုင်း

၇း၀၀ တရားတော်(ဦးဥတ္တမသာရ ဆရာတော်ကြီး၏ မင်္ဂလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

### နေ့လယ်ပိုင်း

၁၁း၁၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား (ပြည်ပသွင်းကုန်အစားထိုး ကိုယ်တိုက်ဆပ်ပြာမျိုးစုံ ထုတ်လုပ်မှုအကြောင်း)
၁၁း၄၀ သိပ္ပံအကြောင်း သိကောင်းစရာ (သိပ္ပံနှင့် နည်းပညာတိုးတက်မှုအကြောင်း) (သိပ္ပံမှူးတင်)
၁၂း၀၀ တစ်ပတ်အတွင်း သတင်းပဒေသာ
၁၂း၂၅ အားကစားသတင်းပဒေသာ
၁၂း၃၅ သီချင်းကြီးပဒေသာ
(၁) အမရပူရိန် (ပတ်ပျိုး) (ခင်မောင်သန်း)
(၂) ပိုးမင်းစိမ်းဖြူ (ယိုးဒယားသံဆန်း) (စိန်နီလာဝင်း)
၁၃း၁၀ ပညာရေးအစီအစဉ် (မူလတန်း–ရသပညာ) (ပုစဉ်းတောင်သံကြိုးသီချင်း) (ထံတျာတေရှင်)

### ညနေပိုင်း

၁၆း၃၀ မြတ်နိုးစရာကျေးရွာတေးကဗျာ
(၁) ရွာကြီးသူစံပယ်နွဲ့ (မောင်မောင်ညွှန့်)
(၂) ကျွန်မတို့ရွာကလေး (ကမ္ဘောဇမေသင်းရီ)
(၃) တောသူလေးမို့ (အကော်ဒီယံ အုန်းကျော်)
၁၇း၃၀ တစ်ပတ်အတွင်းသတင်းပဒေသာ
၁၇း၄၀ မှတ်ဖွယ်မှတ်ရာ သုတအဖြာဖြာ (မြန်မာ့ပန်းတမော့လက်ရာ ကျောက်ဆစ်ပညာ–ခင်မြန်မာ)
၁၈း၄၅ အင်္ဂလိပ်စကားပြောကြမယ် (ရွှေမင်းဝန် ဦးဘုန်းမြင့်)
၁၉း၁၅ ဆိုင်းအဖွဲ့ ဖျော်ဖြေခန်း (မန္တလေးစိန်နက်ကြီး၊ မန္တလေး စိန်ဘမောင်၊ မန္တလေး စိန်မြဆင်၊ စိန်မြရှင်အဖွဲ့တို့၏ ဆိုင်းပဒေသာ)
၂၀း၃၀ ခံစားနားဆင် မြန်မာတေးသံစဉ်
(၁) ညဆိုတာလွမ်းစရာလေးနော် (ခင်ညွှန့်ရီ)
(၂) ဖြတ်မရတဲ့ချစ်ကြိုးတစ်မျှင် (ကျောက်ပန်းတောင်း ကျော်လွင်)
(၃) အချစ်ဆိုသောအရာ (တင်တင်မြ)

**မိုင်းဖြတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့သာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၂၅ ရက်က မိုင်းဖြတ်မြို့ အဝင်ဆိုင်းဘုတ် ဆောင်ရွက်မှုကို အမှုဆောင်အရာရှိ ဦးကိုကိုနှင့် အငယ်တန်း အင်ဂျင်နီယာ (၂) ဦးလှမျိုးတို့ ကြီးကြပ်ဆောင်ရွက်ပေးစဉ်။**

(မြို့နယ် စည်ပင်)



## မဟာစည်မြဝတီသာသနာ့ရိပ်သာ ဆုတောင်းပြည့်မြစေတီ ထီးတော်သစ်တင်လှူ၊ လှူဖွယ်ပစ္စည်းများဆက်ကပ်

**ရန်ကုန် နိုဝင်ဘာ ၁၁**

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ ဆုတောင်းပြည့်မြစေတီတော်အား ထီးတော်အသစ် ထပ်မံတင်လှူပူဇော်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၅ရက် နံနက် ၇နာရီက ယင်းသာသနာ့ရိပ်သာ၌ကျင်းပရာ ရှေးဦးစွာ ဦးစီးပဓာန နာယက မြဝတီဆရာတော်ဘဒ္ဒန္တပဏ္ဍဝံသ (မဟာကမ္မဋ္ဌာနာစရိယ) အမှူးပြုသော ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်တော်မူကြသည်။

**ပူဇော်**

ယင်းနောက်ထီးတော်အလှူရှင် စမ်းချောင်းမြို့နယ် ဟုမ်းလမ်း ရွှေသံလွင် ပန်းလှိုင်အိမ်ရာနေ ဦးဝင်းမြင့်၊ သားကိုကျော်ဝင်းအောင်၊ မမြမြမိုး(ရွှေပုစွန်ဒန်အိုးစက်ရုံ)မိသားစုနှင့် ဗဟန်းမြို့နယ် ၁၇/င သာယာဝတီလမ်းနေ ဦးမျိုးအောင်၊ ဒေါ်ရွှေဇင်(ရွှေပုစွန်အထည်ချုပ်မိသားစု)များနှင့် ခုနစ်ရက်သားသမီး အလှူရှင်အပေါင်းတို့က ထီးတော်ဘုံအဆင့်ဆင့်နှင့်ငှက်မြတ်နားတော်၊ စိန်ဖူးတော်တို့ကို လက်ယာရစ်သုံးပတ် လှည့်လည်ပင့်ဆောင်၍ ပန်းရထားဖြင့် တင်လှူပူဇော်ကြသည်။



**လှူဒါန်း**

ထို့နောက်အလှူရှင်ဦးဝင်းမြင့်၊ သား ကိုကျော်ဝင်းအောင်၊ မမြမြမိုး၊ ဦးမျိုးအောင်-ဒေါ်ရွှေဇင် မိသားစုတို့က မြဝတီ ဆရာတော်အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး **(အပေါ်ပုံ)** ရေစက်ချ အနုမောဒနာတရားနာယူကြသည်။ **(ဝ၅၂)**



**အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ် မဟာရှိဗုဒ္ဓဂယာ မြန်မာကျောင်း (မူလ ကျောင်းဟောင်း) နောက်ကျောဘက်ကပ်လျက် တိုးချဲ့မြေနှစ်ကေဝယ်ယူရန်အတွက် ရန်ကုန်မြို့ ဒဂုံမြို့နယ် မြို့မကျောင်းလမ်း ဦးဝိစာရအိမ်ရာ အမှတ်(၁/၁၀) နေဒေါ်မြယုနှင့် သားသမီး၊ မြေး မြစ်တစ်စုတို့က ကွယ်လွန်သူ ဦးကံထူး-ဒေါ်ကျင်မေတို့အားရည်စူး၍ အလှူတော်ငွေကျပ်တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း နာယက အကျိုးတော်ဆောင်ဆရာတော် အောင်တော်မူ ဒေါက်တာအရှင်သုန္ဒ(လုမ္ဗိနီ)ထံ ဆက်ကပ်လှူဒါန်းစဉ်။** (က-ပ)

**ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် ၁၆ ရပ်ကွက် သာသနာဒီပ သဲအင်းဂူ ဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက် မဂ္ဂင်လမ်းမကြီးခင်းရန်အတွက် ဦးမင်းသူ-ဒေါက်တာ သစ်သစ်ဦး၊ သား ဖုန်းမြင့်သူ၊ ကျော်ဇင်သူ မိသားစု ယင်းမမြိုင်လမ်း သုဝဏ္ဏက အလှူတော်ငွေကျပ် နှစ်သိန်းလှူဒါန်းရာ ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တသီရိန္ဒက ဂုဏ်ပြုလွှာ ပြန်လည် ချီးမြှင့်တော်မူစဉ်။** (က-ပ)

## ကြို့ပင်ကောက် ဝန်ထမ်းပေါင်းစုံမိသားစု ဘုံကထိန်ကျင်းပ

**ကြို့ပင်ကောက် နိုဝင်ဘာ ၅**

ပဲခူးတိုင်း(အနောက်ပိုင်း) ကြို့ပင်ကောက်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ သတ္တမအကြိမ်မြောက်ဝန်ထမ်းပေါင်းစုံမိသားစုဘုံကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က တိုက်ကျောင်းပါဠိတက္ကသိုလ်ကျောင်းတိုက်တွင် ကျင်းပသည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရအမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှသိန်းနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား ကထိန်သင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ဆက်ကပ်**

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနရိန္ဒာစာရ ဆရာတော်ထံမှ ကထိန်အနုမောဒနာတရားနှင့် ရေစက်ချ တရားနာကြားကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဆရာတော် သံဃာတော်များအား အရဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(ဝ၄ဝ)**

## မြို့နယ် သတင်းများ

## ဖန်မီးအိမ်ဘဝလမ်းညွှန် စာကြည့်တိုက်သို့ ကွန်ပျူတာနှင့် သုတ၊ရသစာအုပ်များလှူဒါန်း

**ကျောက်ပန်းတောင်း နိုဝင်ဘာ ၅**

မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် တံခါးမကျေးရွာ ဘုန်းတော်ကြီးကျောင်းဆရာတော် ဘဒ္ဒန္တဓမ္မဉာဏသိန္ဒိသူရိယကြီးကြပ်သော ဖန်မီးအိမ် ဘဝလမ်းညွှန် စာကြည့်တိုက်သို့ ကွန်ပျူတာစက်ပစ္စည်းတစ်စုံနှင့် သုတ၊ ရသစာအုပ်များ လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၂ရက်က အဆိုပါကျောင်းတိုက်၌ ကျင်းပသည်။

အခမ်းအနားတွင် ကုသိုလ်အလှူရှင် မန္တလေးမြို့ အမှတ် ၁၇၀၊ ၂၄လမ်း ၈၄+၈၅ လမ်းကြားနေ အောင်နိုင်သူ ဆောက်လုပ်ရေးပစ္စည်းရောင်းဝယ်ရေး ဦးမင်းနိုင်စိုးနှင့် အဖွဲ့ဝင်များက ကျေးရွာဖန်မီးအိမ် ဘဝလမ်းညွှန် စာကြည့်တိုက်သို့ ငွေကျပ်လေးသိန်းကျော်တန် ကွန်ပျူတာစက်ပစ္စည်းတစ်စုံနှင့် သုတ၊ ရသစာအုပ် ၂၀၀၊ ဗလာစာအုပ်ပေါင်း ၁၂၉၆ အုပ်တို့ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးစံမြို့နှင့် တံခါးမကျေးရွာစာကြည့်တိုက်မှူး ဒေါ်ရီဆွေဦးတို့က လက်ခံယူကြသည်။ **(ဝ၆၁)**





**သာစည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ မြို့ပေါ် ရပ်ကွက်များ သန့်ရှင်းသော သောက်သုံးရေဖူလုံစွာရရှိရေးအတွက်အမှတ် (၁)ရပ်ကွက်အတွင်း သုံးလက်မပိုက်မှ လေးလက်မပိုက်အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂၀ရက်ကဆောင်ရွက်ရာ အမှုဆောင်အရာရှိဦးသန်းနိုင်နှင့် အငယ်တန်း အင်ဂျင်နီယာ(၂) ဦးစိုးမိုးအောင်တို့ကြီးကြပ်ပေးစဉ်။** (မြို့နယ် ပြန်/ဆက်)

## ညောင်ဦး၌ ကျန်းမာရေးဆိုင်ရာဆွေးနွေးဟောပြော

**ညောင်ဦး အောက်တိုဘာ ၃၁**

ခုခံအားကျဆင်းမှု ကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေး စီမံချက်လုပ်ငန်းများ ဟောပြောခြင်းနှင့် လုပ်ငန်းဆွေးနွေးညှိနှိုင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၂၀ ရက်က ညောင်ဦးမြို့ အနော်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညောင်ဦးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တေဇက အဖွင့်အမှာစကားပြောကြားပြီး ခုခံအားကျဆင်းမှုကူးစက်ရောဂါနှင့် ကာလသားရောဂါ တိုက်ဖျက်ရေးအဖွဲ့ ခေါင်းဆောင်ဒေါက်တာနွယ်နီက စီမံချက် လုပ်ငန်းများကို အသိပေးဆွေးနွေးတင်ပြသည်။

**ညှိနှိုင်းဆွေးနွေး**

အခမ်းအနားသို့ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ကြက်ခြေနီအဖွဲ့မှ ကိုယ်စားလှယ် တစ်ဦးစီတို့က အဆိုပါလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေး တင်ပြကြသည်။ **(ခရိုင် ပြန်/ဆက်)**



**ကျောက်စုဆောင်း**

**ပျော်ဘွယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်သော ရုံးပင်ကုန်း-ရွာသစ်ကျေးလက်ကျောက်ချောလမ်းခင်းရန် ကျောက်စုဆောင်းမှုကို အောက်တိုဘာ ၂၀ ရက်က အမှုဆောင်အရာရှိ ဦးတင်ဝင်း ကွင်းဆင်းကြီးကြပ်စဉ်။** (မြို့နယ်စည်ပင်)

## သက်ကြီးပူဇော်ပွဲကျင်းပ

**ကောလင်း နိုဝင်ဘာ ၁**

ကောလင်းမြို့နယ် ဥမှင်ကုန်းကျေးရွာအုပ်စု တောင်ကြီးကျေးရွာတွင် အဌမအကြိမ်မြောက် သက်ကြီးပူဇော်ပွဲကို အောက်တိုဘာ ၇ရက်က ကျေးရွာဘုန်းတော်ကြီး ကျောင်းဝင်း၌ ကျင်းပရာ ကျောင်းတိုက်ဆရာတော်နှင့် အသက်(၇၀)အထက် သက်ကြီးအဘိုးအဘွား ၅၅ဦးတို့အား ကျေးရွာဥက္ကဋ္ဌ ဦးမောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ကျောင်းဆရာမကြီးနှင့် ဆရာမများ၊ ကျောင်းသူကျောင်းသားများက လှူဖွယ်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြသည်။ **(ဝ၂၆)**



## ပြည်တွင်းဖြစ်အထည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ပြပွဲကျင်းပ

**ဟိုပုံး နိုဝင်ဘာ ၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဟိုပုံးမြို့နယ် အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပသော ပြည်တွင်းဖြစ်အထည် ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲနှင့် တိုင်းရင်းသား ရိုးရာယဉ်ကျေးမှု ပြပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ရက် နံနက် ၉ နာရီက ဟိုပုံးမြို့နယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုပုံးမြို့ တပ်မတော်ကွန်ပျူတာနှင့် နည်းပညာသိပ္ပံကျောင်းအုပ်ကြီး ဒုတိယဗိုလ်မှူးကြီး ကျော်ဖုံမြင့်နှင့်ဇနီး၊ တပ်မတော် အရာရှိများ၏ဇနီးများ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် မြို့နယ်လူမှုရေးအသင်းအဖွဲ့များ တက်ရောက်အားပေးကြပြီး မြို့ပေါ် (၆)ရပ်ကွက်မှ ၁၃ ဦးပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုကို နန်းခမ်းနော်ခိုင်ကလည်းကောင်း၊ ဒုတိယဆုကို မချိုသင်းနွယ်ကလည်းကောင်း၊ တတိယဆုကို နန်းမိုမိုပွမ်နှင့် နန်းဖြူဖြူလစ်တို့နှစ်ဦးကလည်းကောင်း ပူးတွဲရရှိကြရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ **(ဝဲပုံ)** **(မြို့နယ် ပြန်/ဆက်)**

# ဘာသာရပ်အလိုက်သင်ယူတတ်မြောက်မှုစွမ်းအားမြှင့်တင်ပေးနိုင်ရေးစီမံဆောင်ရွက်လျက်ရှိ ဆုရကျောင်းသူကျောင်းသားလူငယ်များ ထူးချွန်သည်ထက်ထူးချွန်ထက်မြက်အောင်အားထုတ် နိုင်ငံတော်ကအားထားရမည့်လူငယ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းလာရေးဆက်လက်ကြိုးပမ်း အရည်အသွေးပြည့်ဝသည့် ပညာရှင်များဖြစ်လာပြီး အမျိုးသားအကျိုးစီးပွားထိန်းသိမ်းမြှင့်တင်

**နေပြည်တော် နိုဝင်ဘာ ၁၁**

တက္ကသိုလ်ဝင်စာမေးပွဲနှင့် သင်္ချာအိုလံပစ်ပြိုင်ပွဲများ၌ ထူးချွန်စွာအောင်မြင်ကြသူများနှင့် သင်ကြားမှုထူးချွန်ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီက နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားပြီး ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲနှင့် ဝိဇ္ဇာဘာသာတွဲတို့၌ အဆင့်(၁)မှ (၁၀)အတွင်း ရရှိကြသော ကျောင်းသား ကျောင်းသူများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံပညာရေးကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ဥက္ကဋ္ဌများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်နယ်နှင့်တိုင်းအလိုက် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်အကောင်းဆုံးဆုရကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် *စာမျက်နှာ ၈ ကော်လံ ၁* ❒



**မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် ၂၀၀၅-၂၀၀၆ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲနှင့် သင်္ချာအိုလံပစ်ပြိုင်ပွဲများ၌ ထူးချွန်စွာ အောင်မြင်ကြသူများနှင့် သင်ကြားမှုထူးချွန်ကျောင်းများအား ဆုချီးမြှင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)



# ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး (၂၀၀၆) ဒုတိယနေ့ အစီအစဉ်များ ဆက်လက်ကျင်းပ ကဏ္ဍအလိုက် နှီးနှောဖလှယ်ပွဲများကျင်းပ၊ စာတမ်းများပြုစု



**နေပြည်တော် နိုဝင်ဘာ ၁၁**

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး(၂၀၀၆) ဒုတိယနေ့အစီအစဉ်အဖြစ် စုဖွဲ့မှုများအလိုက် စည်းရုံးရေးနှင့် စီမံရေးရာကဏ္ဍ၊ ပညာရေးရာနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုရေးရာကဏ္ဍ၊ စီးပွားရေးရာကဏ္ဍ၊ ဒို့တာဝန်အရေးသုံးပါးကို အသက်ပေးကာကွယ်စောင့်ရှောက်မည့် မျိုးဆက်သစ်လူငယ်များကဏ္ဍ၊ စစ်မှန်သော ပြည်ထောင်စုမျိုးချစ်စိတ်ဓာတ် ရှင်သန်ခိုင်မာရေးကဏ္ဍ၊ ပြည်တွင်းပြည်ပ အဖျက်သမားများအန္တရာယ်ကို ပြည်သူ့စွမ်းအား စည်းလုံးမှုအင်အားဖြင့် ကာကွယ်တိုက်ဖျက်ရေးကဏ္ဍတို့အတွက် အစုအဖွဲ့ခြောက်ဖွဲ့တို့က ကဏ္ဍအလိုက် နှီးနှောဖလှယ်ကြပြီး ညှိနှိုင်းဆွေးနွေးချက်စာတမ်းများ ပြုစုခြင်းနှင့် နှစ်ပတ်လည်သင်းလုံးကျွတ်အစည်းအဝေး တတိယနေ့တွင် အစုအဖွဲ့များ၏ နှီးနှောဖလှယ်ပွဲများ၌ တွေ့ရှိချက်များကိုတင်ပြရန် အစုအဖွဲ့အလိုက် ကိုယ်စားလှယ်များရွေးချယ်၍ သဘာပတိက တာဝန်ပေးအပ်ခြင်း အစီအစဉ်များကို နိုဝင်ဘာ၆ရက် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် နေပြည်တော်ရှိ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်(ရေဆင်း)၏ သတ်မှတ်နေရာအသီးသီးတို့၌ ကျင်းပသည်။ *စာမျက်နှာ ၄ ကော်လံ ၁* ●

**နိုင်ငံရေး ဦးတည်ချက် (၄)ရပ်**

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက် (၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက် (၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး